# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 26 April 2024 ၁၁၄၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အပူချိန် အနည်းငယ်ထပ်တိုးနိုင်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မေ ၂၈ ရက်နှင့် ၂၉ ရက်တို့၌ အပူချိန် တစ်ဒီဂရီခန့် အနည်းငယ်ထပ်တိုးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

ပုံမှန်အားဖြင့်လည်း သင်္ကြန်ပြီးကာလများတွင် အပူချိန်တိုးလေ့ရှိပြီး များသောအားဖြင့် အချို့နေရာများတွင် မေလအထိဆက်လက်ပူနေဆဲဖြစ်ကြောင်း သိရသည်။

**အပူချိန်တိုးနိုင်**

"အပူချိန်မြင့်မားနိုင်ခြေရှိတာကတော့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာပါ။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးမြို့ အစရှိတဲ့ နေရာဒေသတွေမှာ နည်းနည်းပေါ့။ တစ်ဒီဂရီလောက်တော့ လာမယ့် မေ ၂၈ ရက်၊ ၂၉ ရက်တွေမှာ အပူချိန်တိုးနိုင်ပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**




မေ ၂၅ ရက် နံနက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသအခြေအနေပြ ရုပ်ပုံကားချပ်ကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်ဒေသများမှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မေ ၂၅**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းဒေသများမှ ထွက်ရှိ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ဂေါ်ဖီပွဲရုံများထံမှ သိရသည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေး၌ ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းများမှာ တစ်ထုပ်လျှင် ငွေကျပ် ၄၀၀ မှ ၅၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


**ယနေ့ ဖတ်စရာ**



**အသုံးမဝင် အကျိုးမရှိ**
ဆောင်းပါး စာမျက်နှာ » ၆

**ယခုနှစ် သရက်ရာသီ၌ ပြည်တွင်း ဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်**
စာမျက်နှာ » ၉

**ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါ ကင်းစင်စေချင်**
ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း (၁၁-၄-၂၀၂၄ ရက်နေ့မှ ၂၀-၄-၂၀၂၄ ရက်နေ့အထိ) ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၂





ကြေးမုံ

# နိုင်ငံတည်ဆောက်မည့် လူငယ်များပျိုးထောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွက် ဦးတည်ချက် (၉) ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်၌ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်ကာလသည် နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်၍ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တိုးတက်ရာတိုးတက်ကြောင်း အစီအစဉ်များကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် နယ်မြေဒေသအလိုက် ရွေးချယ်ထားသည့် ဘက်စုံထူးချွန်ထက်မြက်သော လူရည်ချွန်ကျောင်းသားကျောင်းသူ ၅၅၄ ဦးကို နေပြည်တော်အပါအဝင် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးစီစဉ်ပေးလျက်ရှိသည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

လူငယ်လူရွယ်များသည် တိုင်းပြည်၏အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများဖြစ်ပြီး နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်များ၏အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် ပါဝင်ကြိုးပမ်းထမ်းဆောင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားတိုးတက်လိုသောစိတ်ဓာတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျပျိုးထောင်မွေးမြူပေးလျက်ရှိသည်။ လူငယ်လူရွယ်များကို ဤသို့မြှင့်တင်ဆောင်ရွက်ပေးနေခြင်းသည် အစိုးရတစ်ရပ်အတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ လူငယ်လူရွယ်များအနာဂတ်နှင့် တိုင်းပြည်၏အနာဂတ် ပိုမိုကောင်းမွန်ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။

မျက်မှောက်ကာလတွင် မသမာသူများနှင့် နိုင်ငံရေးအစွန်းရောက်သူများက လူငယ်လူရွယ်များအား အသိမှား၊ အမြင်မှား၊ အတွေးမှားများဖြစ်ပေါ်လာအောင် ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ လူငယ်လူရွယ်များအား လမ်းမှားပေါ်သို့ တွန်းပို့ပေးခဲ့ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လူငယ်လူရွယ်များမှာ ဖယောင်းကဲ့သို့ ပျော့ပျောင်းလွယ်သဖြင့် အတွေးမှား၊ အသိမှားများ ဖုံးလွှမ်းပါက ဖျောက်ဖျက်ရန် ခက်ခဲလှသည်။ ထို့ကြောင့် လမ်းမှားပေါ်တွင် ဘဝအဆုံးသတ်မလှသည့်အခြေအနေများနှင့် ကြုံတွေ့နေရသည့် လူငယ်လူရွယ်များအတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။ လမ်းမှန်ပေါ်တွင်ရောက်ရှိပြီး တိုင်းပြည်ကောင်းရာကောင်းကျိုး ဆောင်ကြဉ်းနေသော လူငယ်လူရွယ်များအတွက် ဝမ်းမြောက်ပီတိဖြစ်မိသည်။

ထို့ကြောင့် လူငယ်လူရွယ်များကို အတွေးမှား၊ အမြင်မှားမဖြစ်ရအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အတွေးမှန်၊ အမြင်မှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဖန်တီးဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များဟူသည် စူးစမ်းလိုစိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်များဖြင့် တက်ကြွဖျတ်လတ်လှုပ်ရှားနိုင်သောအရွယ်များဖြစ်သည်။ လူငယ်လူရွယ်များသည် မိဘအသိုင်းအဝိုင်းထက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ပိုမိုခင်တွယ်ကြသူများဖြစ်သည်။ သို့ဖြစ်၍ အန္တရာယ်ဖြစ်စေနိုင်သောပတ်ဝန်းကျင်များကို ရှောင်ရှားပြီး ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်ကောင်းများတွင် ကျင်လည်နိုင်စေရန် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဖန်တီးပေးကြရမည်ဖြစ်သည်။ ပညာသင်ကြားရမည့်အချိန်အခါတွင် ပညာကို ကောင်းစွာသင်ကြားနိုင်ရေး၊ ယခုကဲ့သို့ကျောင်းပိတ်ရက်ကာလများတွင် အချည်းအနှီးမဖြစ်စေဘဲ အကျိုးရှိသောပတ်ဝန်းကျင်ကောင်းများသို့ ပို့ဆောင်ပေးခြင်းကို ပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်၍ ပညာသင်ကြားချိန်တွင် ပညာကို အပြည့်အဝသင်ကြားနိုင်ရေး အားပေးဆောင်ရွက်ကြပြီး လူငယ်ကဏ္ဍမြင့်မားတိုးတက်လာရေးအတွက်လည်း နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုများနှင့်အတူ မိဘ၊ ဆရာ အုပ်ထိန်းသူများက ဝိုင်းဝန်းအလေးထား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး ကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တောင်ကြီးမြို့နယ်၌ VDP စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံပွဲကျင်းပ



**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာကျေးရွာများသို့ လုပ်ငန်းလွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများ လွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၂၂ ရွာမှ ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ကျေးရွာ ၂၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခုနစ်ခု၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း ခုနစ်ခု၊ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း သုံးခု၊ ရေရရှိရေးလုပ်ငန်း ခုနစ်ခု၊ အခြားလုပ်ငန်း လေးခု စုစုပေါင်းလုပ်ငန်း ၂၈ ခုကို VDP ပံ့ပိုးရန်ပုံငွေကျပ် ၃၂၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂၅ ဒသမ ၁၈၆ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၄၅၀ ဒသမ ၁၈၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများလွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

၂၂၂

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၄ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၄၂ | ၃၇၀,၅၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၅,၉၀၃ | ၁၆,၈၂၃,၅၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁၈၇ | ၂၈၀,၅၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၂ | ၆,၁၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၀ | ၃၃,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၅ | ၂၃,၀၀၀ |
| MAEX | ၂,၀၅၀ | ၂,၀၅၀ | ၁၅၁ | ၃၀၉,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✱ ရှမ်းပြည်နယ်မှ

“လက်ရှိမှာတော့ ဂေါ်ဖီ အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထွက်ရှိတာမရှိသေးပါဘူး။ တောင်သူတွေကဂေါ်ဖီကို အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် စိုက်တဲ့သူနည်းပါးလာပါတယ်။ ဈေးအတွင်းမှာ ရောင်းသူဝယ်သူတွေအနေနဲ့ အရောင်းအဝယ်ပိုင်းမှာလဲ ရောင်းကောင်းပါတယ်။ လက်ရှိမှာဒီဈေးကို ဂေါ်ဖီကားတွေအနေနဲ့ ပုံမှန်ဝင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းများ ရရှိနေကြပါတယ်” ဟု ၎င်းကပြောသည်။



အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ် ဝင်ရောက်လျက်ရှိနေပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်လျက် ရှိကြောင်း၊ ယင်းဂေါ်ဖီများ ရောင်းအားကောင်းနေခြင်းနှင့် အတူကျန်သည့် ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့သည်လည်း အရောင်းအဝယ်များ ကောင်းနေကြောင်း၊ လက်ရှိအချိန် ဈေးသို့ ကုန်မျိုးစုံ ဝင်ရောက်နေသည့်ကားအစီးရေမှာ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မောင်အေးချမ်း**

## ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၂ / ၂၀၂၄ )**

၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၂ ရက်

( ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၂၅ ရက် )

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၉၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ** ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၉ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၂၅

ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးမောင်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက The Trust Act (ယုံမှတ်အပ်နှံမှုအက်ဥပဒေ)သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသည့် ဥပဒေ(၅၂)မျိုးတွင်ပါဝင်ပြီး FATF ၏ အကြံပြုချက်အမှတ် (၂၅) အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ရေးဆွဲပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို FATF ၏ Recommendation 25 အရ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်တောဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လျာထားချက်များ ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၂၅

သစ်တောဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ၊ ရငွေနှင့် ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ရှိကြောင်း၊ ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုသည် နိုင်ငံဧရိယာ၏ သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး နှစ်စဉ်ပျမ်းမျှ ဧက ခုနစ်သိန်းကျော် ပြုန်းတီးနေကြောင်း၊ သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာရေး၊ ကြိုးဝိုင်း/ ကြိုးပြင်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ သစ်တောစိုက်ခင်းများနှင့် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေး၊ တရားမဝင်သစ်တားဆီးရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး အတွက် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောနယ်မြေအဖြစ် လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် လည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေ ၆ ဒသမ ၄၂ ရာခိုင်နှုန်း ဖွဲ့စည်းနိုင်ခဲ့ပြီး ကျန်ရှိသည့်ဧရိယာများကို ဆက်လက်၍ တိုးချဲ့ဖွဲ့စည်းသွားရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၂၄ ခုနှစ် မိုးရာသီတွင် သစ်ပင်ပေါင်း ၂၂ သန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ၊ ပုဂ္ဂလိကနှင့်ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ၊ တစ်ရွာနှစ်ဧက စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ဝေ စိုက်ပျိုးခြင်းများအား ရာသီချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ အထူးသဖြင့် တစ်ရွာနှစ်ဧက စိုက်ပျိုးခြင်းနှင့် ကျေးရွာသုံးထင်းစိုက်ခင်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်တွင် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးသွားရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ် မိုးရာသီအကြိုနှင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်များ အောင်မြင်စွာ ပြုလုပ်ကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

### MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပရိဘောဂနှင့် ပန်းပုလုပ်ငန်းများ သစ်ကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိစေရန်နှင့် လုပ်ငန်းစဉ်များချောမွေ့မှု ရှိစေရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှု လျော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ပြည်သူများပါဝင်သော လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၇၇၄၂ တန် ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း ၄၉၃ တန် ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ စီမံကိန်း လျာထားချက်များ၏ အားသာချက်၊ အားနည်းချက်ပေါ် အခြေခံ၍ ယခုဘဏ္ဍာနှစ်တွင် အကောင်းဆုံးပြင်ဆင်ပြီး လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ အလုပ်သမားဝန်ကြီးဌာနရှိဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဧပြီ ၂၅

မေ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမှတ်(၂) တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော်တွင် တက်ရောက်ဆေးကုသမှုခံယူနေသော တပ်မတော်သားများအတွက် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းစဉ်။

အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိပြီး သွေးလှူဒါန်းခြင်းအားဖြင့် ခွဲစိတ်ကုသမှုခံယူရမည့် လူနာများနှင့် ကိုယ်ဝန်ဆောင်မိခင်များ မီးဖွားချိန်တွင် လိုအပ်ပါက အသုံးပြုနိုင်ရန်၊ အရေးပေါ် အခြေအနေများတွင် အဆင်သင့်အသုံးပြုနိုင်စေရန်၊ ရှားပါးသော သွေးအုပ်စုလိုအပ်သည့်လူနာများကို သွေးအလှူရှင်များမှတစ်ဆင့် ရရှိနိုင်စေရန်၊ သွေးလိုအပ်မှုကြောင့် လူ့အသက်များ မဆုံးရှုံးစေရန် မျှော်မှန်း၍ အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရခြင်းဖြစ်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများက ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်တွင် (၅၀) နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်တွင် (၅၀) စုစုပေါင်း ဝန်ထမ်းဦးရေ ၁၀၀ က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် သွေးလှူရှင်ဝန်ထမ်းများကို ဆေးဝါးများနှင့် အာဟာရပစ္စည်းများ ပေးအပ်၍ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်တွင် တက်ရောက်ဆေးကုသမှုခံယူနေသော တပ်မတော်သားများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဧပြီ ၂၆ ရက်တွင် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်း ၅၀ က အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်တွင် ဆက်လက်သွေးလှူဒါန်းသွားမည်ဖြစ်သဖြင့် စုစုပေါင်းဝန်ထမ်း ၁၅၀ သွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄) ခုနှစ်" အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၅

"ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်" (World Immunization Week) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) Meeting Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တပ်မှူး၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တပ်မှူး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ဧပြီလ နောက်ဆုံးရက်သတ္တပတ်ကို ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်း စတင်ခဲ့သည့် နှစ် ၅၀ မြောက် နှစ်ပတ်လည်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ "Humanly Possible: Saving lives through immunization" ဖြစ်ပြီး မြန်မာဘာသာဖြင့် "ကလေးများ အနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုကိုလျှော့ချပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဖြင့် ကလေးများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းလုံးတွင် ဝက်သက်ကာကွယ်ဆေးတစ်မျိုးတည်းအနေဖြင့် ၂၀၁၀ ပြည့်နှစ် နှင့် ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုပေါင်း ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ အသုံးပြုတိုင်း ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ကုသရာတွင်ကုန်ကျနိုင်သည့် စရိတ် ၇၆ ဒသမ ၅ ဒေါ်လာကို လျှော့ချနိုင်သည့် (Return of Investment) ရှိကြောင်း၊ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းဖြင့် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ကာကွယ်ဟန့်တားနိုင်ကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ပြည်သူသန်းပေါင်း ၂၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ဧပြီ ၂၄ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်များတွင် ရောဂါ ၁၃ မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေးများ အသုံးပြု၍ သတ်မှတ်အသက်အရွယ်အတွင်းရှိကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နှစ်ဦးပိုင်းက စတင်၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်နှင့် အမီလိုက်ကာကွယ်ဆေးထိုးအစီအစဉ်များချမှတ်၍ လုပ်ငန်းများကို ပြန်လည်အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးလွှမ်းခြုံမှုအနေဖြင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၃ ခုနှစ်တွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု နှစ်ဆကျော်ခန့် ပြန်လည်တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။



မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာလမတိုင်မီက ရရှိခဲ့သည့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ ပြန်လည်ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အသက် ငါးနှစ်အောက် ကလေးများကို သတ်မှတ်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးရန် စီစဉ်လျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ယခုထက်ပိုမိုတိုးတက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်မှ နှစ်စဉ်ဝယ်ယူပံ့ပိုးပေးလျက်ရှိသော ကာကွယ်ဆေးများအသုံးပြု၍ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အသက်အရွယ်အလိုက် အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးမှုခံယူခြင်းဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ကြောင်းသိရှိပြီး ထိုးနှံတိုက်ကျွေးပေးရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိစေရေးအတွက် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ကာကွယ်ဆေးထိုးရန် အကျုံးဝင်သည့်ကလေးငယ်များ တစ်ဦးတစ်ယောက်မကျန် ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပတ်သက်သော မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အနေဖြင့် ဒက္ခိဏသီရိမြို့နယ် ရွှေသဲဖြူကျောင်းတိုက်တွင် အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့ရောက်ရှိနေထိုင်လျက်ရှိသော ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသော အသက် ၁၅ နှစ်အောက် ကိုရင်၊ သီလရှင်နှင့် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း (Special Immunization Activities)ကို ကြည့်ရှုအားပေး၍ လက်ဆောင်ပစ္စည်းများပေးအပ်ကာ၊ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျေးလက်ကျန်းမာရေးဌာနသို့ ဆက်လက်သွားရောက်ပြီး အသက် ငါးနှစ် အောက်ကလေးများကို Catch–up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုအားပေး၍ ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုပြသမည့် ပြခန်းပြင်ဆင်ဆောင်ရွက်နေမှု၊ ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)သို့ သွားရောက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ သြဝါဒခံယူပွဲအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုပြသမည့် ပြခန်းပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အဆိုပါ အခမ်းအနား ကျင်းပပြုလုပ်စဉ်အတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆီထွက်သီးနှံဇုန်တာဝန်ခံများ တက်ရောက်ကြသည်။



## ပြည်တွင်းစားသုံးဆီဖူလုံရေး

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရက ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် အဆင့်မီသည့် ဝါဂွမ်းများထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ပြည်သူများ နှစ်သက်စွာစားသုံးသည့် ဆီအမျိုးအစားနှင့် စားသုံးမှုပမာဏကိုလေ့လာပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး၍ ပြည်တွင်းစားသုံးဆီ ဖူလုံရေးကို ကြိုးပမ်းလျက်ရှိကြောင်း။

သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိစေရန် သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်များကို စိုက်ပျိုးရာသီအလိုက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေကောင်းများရှိနေပြီး ပညာရှင်အရင်းအမြစ်များ ပြည့်စုံလျက်ရှိသော နေပြည်တော်ကောင်စီနယ်မြေ ကို ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားသော စံပြဒေသအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် သက်ဆိုင်ရာကဏ္ဍများမှ အကြံပြုဆွေးနွေးကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသည့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ရေရရှိရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေး ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့အသုံးပြုနိုင်ရေးနှင့် သွင်းအားစုဓာတ်မြေဩဇာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများ၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရာသီအလိုက် လျာထားဧကပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး စီမံဆောင်ရွက်နေမှုများ၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာန၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီ၌ မြေပဲဧက ၄၇၀၀၀ ကျော်၊ နှမ်းဧက ၈၀၀၀၀ ကျော်၊ နေကြာဧက ၄၆၀၀ ကျော် စုစုပေါင်း ဆီထွက်သီးနှံ ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

သကြၤန်အပြီးမှာတော့ ပုံမှန်အားဖြင့် တိုးနေကျပါပဲ။ ဒီနှစ်မှတိုးတာတော့ မဟုတ်ပါဘူး။ သကြၤန်ပြီးရင်တော့ များသောအားဖြင့် မေလထိတောင် အချို့နေရာတွေ ပူသေးတာရှိသေးတယ်။ အခိက ကတော့ မိုးမရွာလို့၊ မိုးရွာနိုင်တဲ့ အလားအလာတွေရှိရင် တစ်ခါပြန်လျော့ ဒီလိုပဲနွေရာသီကတော့ တိုးလာလိုက်၊ နည်းနည်းလေးပြန်လျော့လာလိုက်နဲ့ပဲ သွားနေတာပါ”ဟု ဦးလှထွန်းက ပြောသည်။




လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဖြစ်ပေါ်ခဲ့သည့် နေ့အပူချိန်အခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် သုံးဒီဂရီဆဲလ်စီးယပ်မှ လေးဒီဂရီဆဲလ်စီးယပ်အထိနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် နှစ်ဒီဂရီဆဲလ်စီးယပ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ကြောင်းနှင့် မေ ၂၃ ရက်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်၊ ညောင်ဦးမြို့တွင် ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ အောင်လံမြို့တွင် ၄၄ ဒီဂရီဆဲလ်စီးယပ်၊ မြင်းမူမြို့တွင် ၄၃ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်၊ မုံရွာမြို့၊ မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စီ၊ တံတားဦး(လေကြောင်းမိုးလေဝသ)နှင့် ပခုက္ကူမြို့တို့တွင် ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စီနှင့် မန္တလေးမြို့တွင် ၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်တို့ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

“မြန်မာပြည်မှာက ချောက်က အပူပိုင်းဒေသတွေဖြစ်တော့ ပူတာပေါ့။ လောလောဆယ်တော့ ချောက်မြို့ကတော့ လက်ရှိမြို့အလိုက်အပူချိန်တွေအရဆိုရင် အပူဆုံးပါ”ဟု ၎င်းကဆိုသည်။

မိုးရွာနိုင်ခြေအနေဖြင့် မြန်မာနိုင်ငံဒေသအချို့တွင်သာ မိုးရွာနိုင်ခြေရှိပြီး ကျန်ရှိသည့် အလယ်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မေလကုန်ပိုင်းအထိ မိုးရွာနိုင်မည့် အလားအလာမတွေ့ရကြောင်းလည်းဆိုသည်။ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနကလည်း အသိပေးထုတ်ပြန်ထားရှိသည့်အတွက် လိုက်နာဆောင်ရွက်ရန်နှင့် နေအလွန်ပူသည့် နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၃ နာရီကြားသည် အပူဆုံးအချိန်ဖြစ်နေပြီး အရိပ်ရသည့်နေရာများတွင်နေထိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို လိုက်နာကြရန်လိုအပ်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

MT

# လှည်းကူးမြို့နယ်၌ အထွက်တိုးမျိုးစပါး(GW-11) ရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

လှည်းကူး မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးထားသည့် အထွက်တိုးမျိုးစပါး (GW-11) ရိတ်သိမ်းနေမှု အခြေအနေများကို တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက ခရောင်ကျေးရွာရှိ တောင်သူ ဦးသက်နိုင်၏ လယ်သို့ ကွင်းဆင်းကြည့်ရှုသည်။

## ကွင်းဆင်းကြည့်ရှု

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် ဝန်ထမ်းများက စပါးခင်းများ ရိတ်သိမ်းနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တစ်ဧကလျှင် စပါးအစိုအထွက်နှုန်း တင်း ၁၅၀ ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

# အသုံးမဝင် အကျိုးမရှိ

ကျော်မြင့်ထွန်း(ပါရီ)


နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်။

## ငို့ဘသမားတွေ

လွယ်လွယ်ကူကူ အနှတ္တသညာ ခေါ်စရာအဖြစ် သူတို့ကို **“ငို့ဘသမားတွေ”** (အတ္တကြီးသူတွေ)လို့ပဲ ခေါ်လိုက်ပါရစေ။ သူတော်ကောင်းယောင်ဆောင်ထားတဲ့ ကြောင်သူတော်ကြွက်သူခိုးအဲဒီလူတွေဟာ တတိယကမ္ဘာ့နိုင်ငံတွေအပေါ် ဆရာကြီးလုပ်လိုက်၊ ဖိအားပေးလိုက်လုပ်နေကြတဲ့ ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေမှာရှိတဲ့ ဆင်စွယ်နန်းတော်ကြီးတွေထဲက ပုဂ္ဂိုလ်ကြီးတွေပါပဲ။

သူတို့ဟာ တစ်ချိန်တစ်ခါက နာမည်တစ်လုံးနဲ့ ရပ်တည်ခဲ့ပြီးတဲ့နောက် အငြိမ်းစားဘဝမှာ ဆင်စွယ်နန်းတော်ကြီးတွေထဲ ရောက်လာကြသူတွေပါ။ ဒီလူတွေထဲက လူတစ်ယောက်ဟာ မြန်မာ-ထိုင်းနယ်စပ်ရှိ ကရင်နယ်မြေအချို့သို့သွားရောက်ပြီးတော့ကောက်ကာငင်ကာဆိုသလိုပဲ **“မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ကုလသမဂ္ဂက ဖော်ဆောင်မပေးနိုင်ဘူး”** လို့ တစ်ဖက်သတ်ပြောချလိုက်ပါတယ်။

ဒီလိုပြောဆိုချက်မျိုးဟာ အဓိပ္ပာယ်ရှိပါရဲ့လား၊ မှန်ကန်ပါရဲ့လား၊ ပညာရှိသူတွေသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချနိုင်မှာ မဟုတ်ပါလား၊ အငြိမ်းစားယူထားတော့လည်း ရုံဖန်ရံခါ ပျင်းရိထိုင်းမှိုင်းနေမှာပေါ့။

> **“သမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင်တော့ ကိုယ်ကျိုးအတ္တကြီးသူတွေ ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခတွေဟာ ကျေနပ်လောက်တဲ့ ဖြေရှင်းချက်မထွက်ဘဲ၊ ငြိမ်းချမ်းရေးအဖြေမထွက်ဘဲ ဇာတ်မျောကြီးပဲဖြစ်သွားတယ်။ မှတ်မိရသလောက် ကာလအတွင်းမှာ သူတို့ဖြေရှင်းနိုင်တဲ့ပဋိပက္ခရှိခဲ့လို့လား။ ၂၀၂၄ ခုနှစ်အကုန်ထက် နောက်မကျဘဲ အမွေနေရာရွှေ့ပြောင်းခံရ၊ ဒါမှမဟုတ် နိုင်ငံမဲ့ဖြစ်ရတဲ့ နိုင်ငံသားဦးရေ စံချိန်တင်ပါလိမ့်မယ်။ ပိုမိုလုံခြုံတဲ့ကမ္ဘာကြီး ဖြစ်လာအောင် ငို့ဘသမားတို့ရဲ့ မဟာအလုပ်ကြီးကို လုပ်ကြရပါမယ်”**

အမှန်တရားကတော့ သည်လိုပါ...။

ကုလသမဂ္ဂဟာ ဟေတီပြည်သူတွေအတွက် ကယ်တင်မပေးနိုင်ဘူး။ ငို့ဘသမားတွေ ဟေတီမှာရှိနေတာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ငို့ဘသမားတွေရဲ့ လေ့လာစောင့်ကြည့်မှုအောက်မှာပဲ ဟေတီပြည်သူတွေဟာ ငရဲကျနေသလို နေထိုင်နေကြရတယ်။ ဟေတီပြည်သူတွေကို သောကအပူမီးတွေနဲ့ ကင်ထားပါလိမ့်မယ်။

ကုလသမဂ္ဂဟာ ဆူဒန်ပြည်သူတွေအတွက်လည်း ဖော်ဆောင်ပေးနိုင်ခြင်းမရှိဘူး မဟုတ်လား။ ငို့ဘသမားတွေ ဆူဒန်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာရှိနေခဲ့ပြီးပြီ။

ကုလသမဂ္ဂဟာ တောင်ဆူဒန်မှာလည်း ပြည်သူတွေအတွက် လုပ်မပေးနိုင်ခဲ့ဘူး မဟုတ်လား။ နိုင်ငံအဖြစ်ထူထောင်လိုက်ချိန်မှာ တောင်ဆူဒန်ဟာ သူတို့ရဲ့ ရင်သွေးငယ်မဟုတ်ဘူးလား။

ကုလသမဂ္ဂဟာဆိုမာလီပြည်သူတွေအတွက်ရော ဘာများလုပ်ပေးနိုင်ပါလိမ့်။

ကုလသမဂ္ဂဟာလစ်ဗျားပြည်သူတွေအတွက်ရော ဘာများဖော်ဆောင်ပေးနိုင်ခဲ့ပါလိမ့်။

ကုလသမဂ္ဂဟာ ဂါဇာပြည်သူတွေအတွက်လည်း လုပ်ပေးရန် တာဝန်ပျက်ကွက်ခဲ့ပါတယ်။ ဖတ်စာအုပ်ထဲမှာတော့ ဒီလိုဒီလိုပါ၊ ဟိုလိုဟိုလိုပါလို့ ပြောလေ့ပြောထရှိတဲ့ ငို့ဘသမားတွေ။ သင်းတို့ ဘယ်ရောက်နေကြပါလိမ့်။

ကျွန်တော်တို့ ဘာဆက်လုပ်ကြရမှာလဲ။ လုပ်စရာတွေကို စာရင်းတို့လိုက်မယ်ဆိုရင်တော့ ရှည်လျားထွေပြားလွန်းပါရဲ့။

သူတို့ရဲ့ **“အန်ကယ်ကြီးတွေ”** ပါဝင်ပတ်သက်နေတဲ့ ကိစ္စတွေဆိုရင်တော့ ဘာမှ မလုပ်ကြတော့ဘဲ လက်ရှောင်နေကြရဲ့။ ဒီလို အနေအထားမျိုးမှာ ဝေးဝေးကပဲ ဝေဖန်သမှုပြုမယ်။ ဖြစ်စဉ်အများအပြားမှာတော့ ရှေ့တိုးထိပ်တိုက်ရင်ဆိုင်ခြင်းမရှိဘဲ နောက်ဆုတ်ပြီး ကုပ်ကုပ်လေးနေကြမယ်။ တိတ်တိတ်လေးနေကြမယ်။ လွတ်လပ်ရေးကြေညာလိုက်တဲ့ ပါပူဝါနယူးဂီနီကိုတော့ သူတို့အရေးစိုက်ကြတယ်။ ဒါကတော့ သူတို့ရဲ့ **“အန်ကယ်ကြီးတွေ”** ရဲ့ လုပ်ဆောင်ချက်နဲ့ မကင်းတာကြောင့်ပါ။ ဒီလိုအခြေအနေမျိုးမှာ ဘာမှမဝေဖန်ဘဲ အရာရာကို မျက်လုံးစုံမှိတ် လက်ခံလိုက်ကြတယ်။ သို့ပေမယ့်လည်း တတိယကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်ဆံတဲ့အခါမှာတော့ အပေါ်စီးနဲ့ ခပ်ကျောကျော ပြုမူဆက်ဆံကြတော့တယ်။

တစ်ဖက်သားကို အနိုင်မကျင့်ဖို့ ငို့ဘသမားတွေက လက်ချာရိုက်လေ့ရှိကြတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင်ကတော့ တတိယကမ္ဘာ့နိုင်ငံတွေအပေါ် အနိုင်အကျင့်ဆုံးပါ။ သူတို့ဟာ ကမ္ဘာမှာ ဆရာအကျဆုံး အထက်ဖား - အောက်ဖိကြီးတွေပါပဲ။

## ရေပေါ်ဆီလိုနေကြ

ငို့ဘသမားတွေဟာ အခွင့်ထူးခံအလုပ်အကိုင်တွေမှာ ရေပေါ်ဆီလိုနေကြရတယ်။ ဒီစနစ်ပျက်ကြီးထဲမှာ နှစ်ပေါင်း ၂၀၊ ၃၀ ကြာအောင် နေထိုင်နေကြပြီး မထိရောက်တဲ့ စနစ်ကြီးကို ဝေဖန်ရှုတ်ချခြင်းလည်း မပြုကြဘူး။

ဒါပေမဲ့လည်း အဲဒီအဖွဲ့အစည်းက နုတ်ထွက်၊ ဒါမှမဟုတ် အငြိမ်းစားယူသွားတဲ့အခါ သူတို့ကို ကျွေးမွေးပြုခဲ့တဲ့ အဲဒီအဖွဲ့အစည်းကိုပဲ ပြန်ပြီးဝေဖန်ကြတော့တယ်။ သူတို့မှာ ဘာကျင့်ဝတ်မှ မရှိကြပါဘူး။ သူတို့ဟာ သူတို့ကိုယ်သူတို့ ဖြောင့်မတ်စွာ ကျင့်သုံးသူတွေအဖြစ် ဂုဏ်တင်နေကြပြီး တတိယကမ္ဘာ့နိုင်ငံတွေရဲ့ အပြစ်ကိုရှာပြီး ပြောဆိုလုပ်ကိုင်ကြတယ်။ ဒီလိုပြုမူနေထိုင်ကြရင်း အနာဂတ်ဘဝ အလုပ်အကိုင် အခွင့်အလမ်းတွေကို မျှော်ကိုးကြတယ်။ အတိုင်ပင်ခံရာထူးတွေ ထပ်ယူကြတယ်။ အကြံပေး သုခမိန်အဖွဲ့တွေ၊ နိုင်ငံအကျပ်အတည်း ဖြေရှင်းရေးအဖွဲ့တွေမှာ သူတို့ဆက်ပြီး အလုပ်လုပ်ဖို့ အသင့်ရှိနေကြတယ်။

မကြာသေးမီကတော့ အထူးသံတမန်တစ်ဦးကို ခန့်အပ်ခဲ့ပါတယ်။ မတူကွဲပြားတဲ့ နိုင်ငံတစ်နိုင်ငံက ပုဂ္ဂိုလ်တစ်ဦးကို ခန့်အပ်ခြင်းမှာ ထူးဆန်းနေပါတယ်။ ဆစ်ဒနီမှသည် ဂျီနီဗာနဲ့ နယူးယောက်အထိ ခရီးတစ်ပတ်မှာ မိုင်ပေါင်း ၁၀၀၀၀ ခန့်ရှိပါတယ်။ လေကြောင်းခရီးမိုင်နဲ့တွက်ကြည့်ရင် အများကြီးပါပဲ။ လှည့်ရိုးလှည့်စဉ် ဒေသဆိုင်ရာ ခရီးစဉ်တစ်ခုအတွင်းမှာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ရဖို့ တောင်းဆိုကြပါမယ်။ ဒါပေမဲ့လည်း တတိယ ကမ္ဘာ့နိုင်ငံတွေဆိုရင်ဖြင့် ဒုတိယ လက်ထောက်အတွင်းဝန်လိုရာထူးနိမ့်တဲ့ တာဝန်ရှိသူတွေကိုပဲ တွေ့ဆုံဖွယ်ရှိပါတယ်။ မြန်မာ့အရေးအတွက် အရေးပါတဲ့ နိုင်ငံတွေရဲ့မြို့တော်တွေဆီ သူတို့သွားမယ်၊ မသွားဘူးဆိုတာ မရေရာပါ။ ဒီလိုအခြေအနေမျိုး ဖြစ်ပေါ်ဖို့ကတော့ ခဲယဉ်းသား။

ပေကျင်းနဲ့ မော်စကိုတို့နဲ့ ထိတွေ့ဆက်ဆံရာမှာတော့ သူတို့အတွက် စိန်ခေါ်ချက်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကိုယ်ကျိုးအတ္တကြီးသူတွေဟာ သွေးကြီးမောက်မာစွာနဲ့ အခြေအနေမှန်ကို မျက်ကွယ်ပြုတတ်ကြတယ်။

## ဇာတ်မျောကြီးပဲဖြစ်သွား

**သမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင်တော့ ကိုယ်ကျိုးအတ္တကြီးသူတွေ ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခတွေဟာ ကျေနပ်လောက်တဲ့ ဖြေရှင်းချက်မထွက်ဘဲ၊ ငြိမ်းချမ်းရေးအဖြေမထွက်ဘဲ ဇာတ်မျောကြီးပဲ ဖြစ်သွားတယ်။ မှတ်မိရသလောက် ကာလအတွင်းမှာ သူတို့ဖြေရှင်းနိုင်တဲ့ ပဋိပက္ခရှိခဲ့လို့လား။ ၂၀၂၄ ခုနှစ်အကုန်ထက် နောက်မကျဘဲ အမွေနေရာရွှေ့ပြောင်းခံရ၊ ဒါမှမဟုတ် နိုင်ငံမဲ့ဖြစ်ရတဲ့ နိုင်ငံသားဦးရေ စံချိန်တင်ပါလိမ့်မယ်။ ပိုမိုလုံခြုံတဲ့ ကမ္ဘာကြီး ဖြစ်လာအောင် ငို့ဘသမားတို့ရဲ့ မဟာအလုပ်ကြီးကို လုပ်ကြရပါမယ်။**

ကိုယ်ကျိုး အတ္တကြီးသူတွေဟာ ကမ္ဘာကြီး ပိုမိုဘေးကင်းလာဖို့ မျှော်ကိုးပြီး လုပ်ကြပါတော့။

သူတို့ဟာ တစ်ဖက်သတ်ဆန်တဲ့ တောင်းဆိုချက်တွေနဲ့ ဆုံးဖြတ်ချက်တွေကိုင်စွဲပြီး မြန်မာနိုင်ငံကို လာကြပါဦးမယ်။ မြန်မာ့ပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲလို့ စဉ်းစားဆင်ခြင်မှုပြုမယ့်အစား သူတို့ပိုအကြိုက်တွေ့တဲ့ လစ်ဘရယ်အရေးအရာတွေကို အချိုပေါ်သကာလောင်းပြီး ထောက်ခံပြောဆိုကြလိမ့်မယ်။

**ကိုယ်ကျိုးအတ္တကြီးသူတွေ မြန်မာနိုင်ငံနဲ့ ဝေးဝေးနေပေးကြပါ။ အဲဒီလိုနေပေးခြင်းဖြင့် မြန်မာနိုင်ငံရဲ့ပြဿနာတွေ မြန်မြန်ဖြေရှင်းနိုင်မှာပါ။ အခြားနိုင်ငံတွေရဲ့ ဖြစ်စဉ်သာဓကကို ထောက်ထားပြီး ကိုယ်ကျိုးအတ္တသမားတွေရဲ့လက်ထဲ မြန်မာပြည်သူတွေရဲ့ဒုက္ခအတောမသတ် မဖြစ်ပါစေနဲ့။** ။


ဆူဒန်နိုင်ငံ ပြည်တွင်းပဋိပက္ခကြောင့် ခိုကိုးရာမဲ့နေရပ်စွန့်ခွာသူများကို တွေ့ရစဉ်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာ

နေပြည်တော် ဧပြီ ၂၅

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။



လူရည်ချွန်ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။

**ရှင်းလင်းပြောကြား**

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး ပြခန်း၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးပြခန်း၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများထံ မေးမြန်းကြသည်။



လူရည်ချွန်ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။

**လေ့လာကြည့်ရှု**

ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ အာဆီယံပြခန်း၊ မြန်မာ့လက်မှု အနုပညာပြခန်း၊ ကလေးသူငယ် ပညာပေးပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများအသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းတို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည့်သားကောင်းမွန် လူရည်ချွန်

❖ ကာယဉာဏ၊ ပြည့်ဝတတ်ပွန်
နိုးကြားထက်မြက်၊ ဘက်စုံထူးချွန်
ငါးတန်ဗလ၊ စွမ်းစရည်မွန်
အားသစ်လောင်း၊ သားကောင်းလူရည်ချွန်။

❖ ခန္ဓာသန်စွမ်း၊ ကျန်းမာကြံ့ခိုင်
အကျင့်သီလ၊ စာရိတ္တမဏ္ဍိုင်
နှုန်းယ်ပျိုမျစ်၊ အားသစ်ပိုင်ဆိုင်
ပြည့်အကျိုး၊ သယ်ပိုးတွဲလက်ခိုင်။

❖ စံနမူပြ၊ အားကျဂုဏ်ယူ
နိုင်ငံ့ရင်သွေး၊ အလေးတစ်မူ
ချီးမြှင့်မြှောက်စား၊ အားပေးထောက်ကူ
ပြည့်ရှေ့လမ်း၊ ဖြောင့်တန်းအောင်လံထူ။

❖ တစ်ကိုးခြောက်လေး၊ မွေးဖွားသန့်စင်
လူရည်ချွန်များ၊ ပြည့်အားပြည့်အင်
မိုးထက်ယံဖျား၊ ကြယ်များသို့ပင်
လင်းလက်လှ၊ ထွန်းပအလှဆင်။

❖ မျိုးဆက်သစ်များ၊ အားထားယုံကြည်
ပြည့်အနာဂတ်၊ နှင်းအပ်ပါမည်
ကံဉာဏ် ဝီရိယ၊ စွမ်းစအရင်းတည်
မြန်မာမျိုး၊ ရှေ့တိုးအောင်ပွဲဆီ။ ။

ဇော်မင်းမင်းဦး

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်(၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

မေ ၁၇ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မေ ၁၈ ရက်တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး ယင်းနေ့မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို ဧပြီ ၅ ရက်မှစ၍ သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးတို့တွင် အခမဲ့ထုတ်ပေးလျက်ရှိပြီး ပြိုင်ပွဲဝင်ပုံစံများကိုဖြည့်စွက်၍ မေ ၆ ရက်မှ မေ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ရန်ကုန်)သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများ ဆောင်ရွက်

သထုံ ဧပြီ ၂၅

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ကြသည်။



မိုဘိုင်း စာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ မြို့နယ် သမဝါယမဦးစီးဌာနရုံးနှင့် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုဝင်များအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

သထုံမြို့နယ်အတွင်း စာဖတ်ရှိန်မြင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသူများအတွက် မိုဘိုင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ အပတ်စဉ် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းဆောင်ရွက်

ပဲခူး မေ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပဲခူးတိုင်းဒေသကြီး၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုမဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီ ၉ ပါတီမှ ပါတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အများပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပဲခူးတိုင်းဒေသကြီးနယ်မြေတာဝန်ခံ ဦးစိုးဦးက ဖြည့်စွက်အမှာစကားပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိက အီလက်ထရောနစ်မဲပေးစက်အကြောင်း Power Point ဖြင့် ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးပါတီဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ တက်ရောက်သူများ စုစုပေါင်း ၄၀၃ ဦးက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် ဆန္ဒမဲပေးကြသည်။

MEVM (Myanmar Electronic Voting Machine) စက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းကို မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရေးပါတီများမှ ခရိုင်နှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အများပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် MEVM စက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၃) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၄ ကျင်းပ

နေပြည်တော် မေ ၂၅

(၅၃) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ တို့ကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လီဂျန့်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အလုပ်အမှုဆောင်ဒါရိုက်တာ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရပုဂ္ဂလိက ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




**ဆွေးနွေးတင်ပြ**

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးများကို မေ ၂၃ ရက်တွင်ကျင်းပရာ မဲခေါင်ခရီးသွားဝက်(ဘ်)ဆိုဒ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်း အချက်အလက်များ လွှင့်တင်နေမှု၊ လူမှုကွန်ရက်များမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်နေမှု၊ မဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးအား မဟာမဲခေါင်ဒေသခွဲ အစိုးရများနှင့်ဆိုင်သော နိုင်ငံတကာအဖွဲ့အစည်းအဖြစ် တရားဝင်ရပ်တည်မှုအဆင့်အတန်း ရရှိရေးအတွက် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး တည်ထောင်မှုသဘောတူစာချုပ် (မူကြမ်း)အပေါ် အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏သဘောထားအမြင်များကို အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းခဲ့ပြီး မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ မေ ၂၄ ရက်တွင် မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၄ ကို " Visionary Journeys Redefining Tomorrow's Travel" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kimi Liua Xiaozhou က အဖွင့်အမှာစကားပြောကြားပြီး ယူနန်ပြည်နယ် CPC ကော်မတီဝင်များ၊ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါဖိုရမ်တွင် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက ကိုဗစ်-၁၉ အလွန် မဟာမဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရာတွင် ဒေသတွင်းယဉ်ကျေးမှု အမွေအနှစ်များပေါင်းစည်းမှုများနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ မြှင့်တင်ခြင်းဖြင့် ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ ရရှိနိုင်မှု အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ သို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိက ကိုယ်စားလှယ် စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ ကို လာအိုနိုင်ငံမှ ၂၀၂၅ ခုနှစ် မေလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခေါင်လန်ဖူးမြို့နယ် ခေါင်လန်ဖူး - ဆရမ်ဖာလမ်း မြေသားလမ်းနှစ်မိုင် ဖောက်လုပ်ပြီးစီး

နေပြည်တော် မေ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆၃ သန်းဖြင့် ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ခေါင်လန်ဖူးမှ ဆရမ်ဖာကျေးရွာသို့ ဆက်သွယ်သည့် လမ်း ၁၂ မိုင် ၄ ဖာလုံအနက် ၂ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄၈၈ ဒသမ ၈၈၂ သန်းဖြင့် ကချင်ပြည်နယ်အတွင်း လမ်း/ တံတားလုပ်ငန်း၊ ရေရှိရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး ဟောပြောသရုပ်ပြ

သထုံ မေ ၂၅

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် ဟောပြောသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အောက်ကျင်းရပ်ကွက်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းက ပူပြင်းခြောက်သွေ့သည့် ပွင့်လင်းရာသီကာလ၌ စက်သုံးဆီအရောင်းဆိုင်များ၏ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့်အခြေအနေများနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနည်းလမ်းများကို အသိပညာပေးဟောပြောဆွေးနွေးသည်။

ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် DENKO စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများပူးပေါင်းကာ ဆီမီးလောင်မှုဖြစ်စဉ်များ၌ မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်စက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ အမြှုပ်မီးသတ်ဆေးရည် အသုံးပြု၍ ငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မိုး/ဇလ

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၂၄ ခုနှစ် နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစား သင်တန်းများဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ် နွေရာသီအခြေခံနှင့်အဆင့်မြင့် နွေရာသီ အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအားလပ်ချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန် အားကစားနည်း ကိုးမျိုးအား ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခု သင်တန်းများမှနည်းပြများ၏ သင်ကြားပို့ချချက် များအား ကြိုးစားသင ယူလေ့ကျင့် ပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်မှ နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်မယ်များအဆင့်အထိ ရောက်ရှိအောင် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများ၏ မြန်မာ့ သိုင်း၊ ရိုးရာခြင်းလုံး၊ ကရာတေး၊ Fitness Dance တို့ဖြင့် သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြသဖျော်ဖြေခဲ့ကြသည့် မြန်မာ့သိုင်းအဖွဲ့အားဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ရိုးရာခြင်းလုံးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ကရာတေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက Fitness Dance အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အားကစားပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အားကစားသမား သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် နွေရာသီအခြေခံနှင့် အဆင့်မြင့် နွေရာသီအားကစားသင်တန်းများကို တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ဘောလုံး၊ Fitness Dance၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ တင်းနစ်၊ ကာယဗလနှင့် ကာယအလှ၊ မြန်မာ့သိုင်း၊ ကြက်တောင်၊ အားကစားနည်းကိုးမျိုး၌ သင်တန်းသား သင်တန်းသူ ၃၅၀ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နွေရာသီရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများပေးဝေလှူဒါန်း၊ ယာယီပြောင်းရွှေ့ နေထိုင်သူများအား ဆန်ရိက္ခာများ ထောက်ပံ့

ဘားအံ မေ ၂၅

နွေရာသီနေ့အပူချိန်များ မြင့်တက်လာသည်နှင့်အမျှ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုအချို့တွင် ရေရှားပါးလာပြီး သောက်ရေ၊ သုံးရေအတွက် အခက်အခဲများဖြင့်ရင်ဆိုင်ကြုံတွေ့လာရသဖြင့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလှူဒါန်းပေးလျက်ရှိရာ မေ ၂၅ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ကော့လိူက်ကျေးရွာ၌ သောက်သုံးရေများ ပေးဝေလှူဒါန်းနေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့လိူက်ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဂါလန် ၁၆၀၀ ဆံ့ရေသယ်ယာဉ်ခြောက်စီးဖြင့် သောက်သုံးရေများပေးဝေ လှူဒါန်းနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ ကော့လိူက်ကျေးရွာတွင် စုစုပေါင်း ရေဂါလန် ၉၆၀၀ ကျော်ကို ပေးဝေလှူဒါန်းခဲ့ပြီး သတ္တမအကြိမ်မြောက် ပေးဝေလှူဒါန်းခြင်းဖြစ်ကာ ရေရှားပါးသောကျေးရွာတစ်ရွာလျှင် ရက်သတ္တတစ်ပတ် နှစ်ကြိမ်နှုန်းဖြင့် ပေးဝေလှူဒါန်းလျက်ရှိကြောင်းနှင့် သောက်သုံးရေရှားပါးသော ရပ်ကွက်ကျေးရွာများအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

ယင်းနောက် ကရင်ပြည်နယ်အတွင်း နေရာဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းသည့်အတွက် ဘားအံမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများရှိ နီးစပ်ရာဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများတွင် ယာယီပြောင်းရွှေ့နေထိုင်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို တော်ပုံကျေးရွာ လုမ္ဗိနီဥယျာဉ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံရှေ့၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက တရုတ်လှ(ကော့ကျိုက်)၊ ဝင်းကျန်၊ ဖအွဲ့၊ နောင်ထလုံး၊ ရွှေတော၊ တော်ပုံ၊ ရဲသာ၊ ကော့ထမ္မလိန်း ကျေးရွာအုပ်စုများမှ ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် ဆန် ၆၀၉ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ယာယီပြောင်းရွှေ့နေထိုင်သူများ စားဝတ်နေရေးကိစ္စရပ်များအဆင်ပြေစေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ တစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၅၉၂၈ စု၊ လူဦးရေ ၂၃၆၂၄ ဦးတို့အား ဆန် ၁၉၇၆ အိတ်၊ ဆီ ၅၉၂၈ လီတာ၊ ခေါက်ဆွဲခြောက် ၇၆၂ ဖာကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မေ ၁၁ ရက်မှ ၂၃ ရက်အထိ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၅၃၉ စု၊ လူဦးရေ ၆၈၅၇ ဦးတို့အား တစ်ဦးလျှင် ဆန် နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် စုစုပေါင်းဆန် ၆၄၂၈ အိတ်တို့ကိုလည်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ယခုနှစ်တွင် ဈေးကွက်အတွင်းသို့ ပေါ်ဦးပေါ်ဖျား ဝင်ရောက်လာသည့် စိန်တလုံးသရက်သီး။

# ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်

ရန်ကုန် မေ ၂၅

ယခုနှစ် သရက်ရာသီ၌ ပြည်တွင်းဈေးကွက်ကိုသာ ပိုမိုအားထားရနိုင်သည့်သဘောရှိသည်ဟု သုံးသပ်ရကြောင်း မြန်မာနိုင်ငံသရက်သီး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်ပသို့တင်ပို့ရန် ခရီးစရိတ်မြင့်မားမှုများရှိသကဲ့သို့ နယ်စပ်မှတင်ပို့မည်ဆိုပါက လမ်းခရီးကြန့်ကြာမှုကြောင့် ဈေးကွက်ထဲသို့ရောက်ရှိချိန်တွင် အသီးမလှတော့ဘဲ နာသွားပါက ဈေးကောင်းမရရှိနိုင်ခြင်း တို့ကြောင့် ပြည်တွင်းဈေးကွက်ကို ပိုမိုအားထားရဖွယ်ရှိပြီး တင်ပို့နေသူအချို့၏အခြေအနေကိုလည်း စောင့်ကြည့်ရမည်ဟု ၎င်းကပြောသည်။

**ပြည်တွင်းဈေးကွက်ကိုပဲအားထားရ**

“ဒီနှစ်ကတော့ သရက်က ပြည်တွင်းဈေးကွက်ကိုပဲ ပိုအားထားရနိုင်တဲ့ သဘောရှိတာပေါ့။ အရင်နှစ်တွေကတော့ ပြည်တွင်းရော ပြည်ပကိုရော သွားတယ်။ တရုတ်ဈေးကွက်ကတော့ သွားတာအများဆုံးပေါ့။ အခုလောလောဆယ်ကတော့ တရုတ်ကိုလည်း သိပ်မသွားနိုင်ဘူးဆိုရင် သွားရင်လည်းစရိတ်က ကြီးလွန်းလို့ တောင်သူတွေ သိပ်အဆင်မပြေဘူးဆိုတော့ ပြည်တွင်းဈေးကွက်ကိုပဲအားထားရနိုင်တဲ့သဘောရှိတယ်လို့ သုံးသပ်ရတာပါ။ ဒီတော့ ပြည်ပကိုပို့နေတာတွေကိုလည်း အဆင်ပြေနိုင်မလားဆိုတာတော့ စောင့်ကြည့်ရမှာပါ”ဟု ၎င်းက ပြောသည်။

လက်ရှိပြည်တွင်း သရက်ဈေးကွက်၌ ၁၅၀ ဂရမ်အရွယ်ရှိစိန်တလုံး သရက်သီးတစ်တန်ကို ကျပ် ၁၂ သိန်း၊ ၁၃ သိန်းခန့်ရှိကာ ဈေးမှာ ဂရမ်အလိုက်ကွာခြားပြီး သရက်သီးတစ်တန်လျှင် ဈေးနှုန်း ကျပ် ၁၇ သိန်း၊ ၁၈ သိန်းခန့်အထိ ရှိနေကြောင်း သိရသည်။ ယင်းအပြင် ယခုနှစ်အတွင်း တောင်သူများအနေဖြင့် မြေဩဇာဈေးနှုန်း၊ အလုပ်သမားငှားရမ်းရမှု အစရှိသဖြင့် ကုန်ကျစရိတ်မှာလည်း ယခင်ထက် ပိုမိုမြင့်မားနေကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

“သရက်ဈေးကွက်မှာ စိန်တလုံး သရက်သီးမှည့်တွေစထွက် နေပြီ။ သိပ်အများကြီးတော့ မထွက်သေးဘူး။ ကျွန်မတို့ဆို ဒီလကုန်၊ နောက်လတစ်ရက်နေ့လောက်မှာ စကောက်ဖို့ လုပ်ထားပါတယ်။ အရင်က သရက်သီးအိတ်စွပ်တယ်ဆိုရင် တစ်လုံးကို ကျပ် ၂၀၊ ၃၀ လောက်ပဲပေးရတယ်။ အခုက အိတ်စွပ်တဲ့အိတ်က ငွေကျပ် ၆၀ လောက်ကျတယ်။ မြေဩဇာကလည်း သုံးဆလောက်ဈေးတက်တယ်၊ အလုပ်သမားခတွေကလည်း အနည်းဆုံး တစ်ဆလောက် ဈေးတက်တယ်။ အမှန်တော့ တောင်သူတွေအနေနဲ့ကလည်း ကုန်ကျစရိတ်တွေက ခါတိုင်းထက်ကို အဆများစွာ ပိုကုန်ပါတယ်” ဟု ၎င်းကပြောသည်။

**MT**

# ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါကင်းစင်စေချင်

ပေါက်ပေါက်

ငှက်ဖျားရောဂါသည် ရောဂါပိုးရှိသည့်ခြင်အကိုက်ခံရမှုကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဖြစ်ပြီး လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုး တစ်ကြိမ်ဝင်ရောက်သွားပါက ရောဂါအမြစ်ပြတ်ပျောက်ကင်းရန် လွန်စွာခဲယဉ်းလှပေသည်။ ပြင်းထန်သောအခြေအနေတွင် တစ်ကြိမ်တည်းဖြင့် အသက်ဆုံးရှုံးသည်အထိဖြစ်တတ်သည်။ ငှက်ဖျားရောဂါသည် ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါပိုးဖြစ်ပွားသူဦးရေ သန်း ၃၅၀ မှ ၅၀၀ နီးပါးမျှရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းမှ သုံးသန်းကြားတွင် ရှိနေခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲလာမှုသည် ငှက်ဖျားရောဂါကို ပိုမိုကျယ်ပြန့်စေသဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်အကြား လူပေါင်း ၆၀၀၀၀ ခန့် ငှက်ဖျားရောဂါကြောင့် သေဆုံးနိုင်ဖွယ်ရှိကြောင်းနှင့် လက်ရှိကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအပေါ် အထူးအလေးပေး အားစိုက်နေရသဖြင့် ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါကြောင့် သေဆုံးမှုသည်လည်း ၁၂ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဆိုပါသည်။

ကမ္ဘာ့ပထမဆုံး ငှက်ဖျားရောဂါကာကွယ်ဆေး Mosquirix ထိုးနှံရေးအစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အာဖရိကတိုက်၌ စတင်ခဲ့သည်။ လက်တွေ့စမ်းသပ်လေ့လာမှုများမှ ထွက်ပေါ်လာသောရလဒ်များအရ Mosquirix ကာကွယ်ဆေးသည် ကလေးများ၌ ငှက်ဖျားရောဂါ ပြင်းထန်နိုင်ခြေ၊ သေဆုံးနိုင်ခြေ ၆၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်းသိရသည်။

### ကမ္ဘာ့ငှက်ဖျားရောဂါနေ့

WHO က နှစ်စဉ် ဧပြီလ ၂၅ ရက်နေ့ကို World Malaria Day "ကမ္ဘာ့ငှက်ဖျားရောဂါနေ့" အဖြစ် သတ်မှတ်ကာ ကျန်းမာရေးအသိပေးလှုံ့ဆော်မှုများ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။ ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့သော အကြိမ် (၆၀) မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံက ငှက်ဖျားရောဂါကို ကာကွယ်ကုသရန်နှင့် ရောဂါတိုက်ဖျက်ရေးမဟာဗျူဟာများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ပညာပေးဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ World Malaria Day အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါ ကူးစက်ခံစားရဆုံးသူများမှာ အာဖရိကတိုက်ဆာဟာရဒေသတွင်းမှ ကလေးငယ်များဖြစ်ကြသည်။ ထို့ကြောင့် တောင်အာဖရိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (SADC)ကလည်း နှစ်စဉ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၆ ရက်နေ့ကို "SADC Malaria Week" အဖြစ် သတ်မှတ်ထားပြီး နိုဝင်ဘာလ ၆ ရက်နေ့ကိုလည်း "SADC Malaria Day" အဖြစ် အထူးတလည်သတ်မှတ်ထားသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂက ထောင်စုနှစ်ရည်မှန်းချက်အဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု တရားဝင်ကြေညာထားသည်။ အဆိုပါစီမံချက်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ငှက်ဖျားဆေးဝါးများ ပိုမိုဖြန့်ဖြူးလာသည့်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာ တဖြည်းဖြည်းကျဆင်းလာခဲ့ပြီဖြစ်သည်။ အဆိုပါစီမံချက်အတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်မှာ ငှက်ဖျားရောဂါကင်းဝေးစေရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း "ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့အထိမ်းအမှတ်အခမ်းအနား" သတင်းများအရ သိရသည်။

### ကလေးများအတွက် WHO အကြံပြုချက်

ဗြိတိန်အခြေစိုက် ဂလက်ဆိုစမစ်ကလိန်းကုမ္ပဏီက ထုတ်လုပ်သော RTS,S/AS01 (Mosquirix) အမည်ရှိ ကမ္ဘာ့ပထမဆုံး ငှက်ဖျားရောဂါကာကွယ်ဆေးကို ဂါနာနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် မာလာဝီနိုင်ငံတို့၌ ၂၀၁၉ ခုနှစ်မှစ၍ ရှေ့ပြေးအဖြစ် စမ်းသပ်အသုံးပြုခဲ့ပြီး ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုတို့ကို ကလေးများအား ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည်။ သုတေသီများက Mosquirix ငှက်ဖျားကာကွယ်ဆေးကို ဖော်ပြပါနိုင်ငံသုံးနိုင်ငံမှ ကလေးဦးရေ ရှစ်သိန်းကျော်ကို အသက် ငါးလ၊ ခြောက်လအရွယ်မှစ၍ တစ်လစီခွာပြီး သုံးလုံးထိုးနှံပေးခဲ့ရာ ပထမဆုံးအလုံးထိုးနှံပြီး ၁၈ လအကြာတွင် စတုတ္ထအလုံးကို ထိုးနှံပေးခဲ့သည်။ စမ်းသပ်မှုထွက်ပေါ်လာသည့်ရလဒ်များအရ Mosquirix ကာကွယ်ဆေး ပထမဆုံးသုံးလုံးထိုးနှံပြီးချိန်တွင် အသက်ငါးနှစ်နှင့် ခုနစ်နှစ်ကြားရှိ ကလေးများ၌ ငှက်ဖျားရောဂါကူးစက်နိုင်ခြေ ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားပြီး အသက်ရက်သတ္တခြောက်ပတ်နှင့် ၁၂ ပတ်ကြား ကလေးများတွင် ၂၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရသည်။ ထို့ပြင် ၎င်းကာကွယ်ဆေးသည် ရောဂါပြင်းထန်စွာခံစားရမှု၏ ၃၀ ရာခိုင်နှုန်းကို လျှော့နည်းစေကြောင်း၊ Mosquirix ကာကွယ်ဆေးပေါ်ထွက်လာစေရန် နှစ်ပေါင်း ၃၀ ကျော် ကြိုးပမ်းခဲ့ရပြီး ယင်းကာကွယ်ဆေး ထွက်ပေါ်လာမှုသည် လူသားကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ပြီဖြစ်ကြောင်း WHO က ပြောကြားသည်။ ထို့ကြောင့် ကလေးများအား Mosquirix ထိုးနှံပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၁ ခုနှစ် အောက်တိုဘာလဆန်းကစပြီး ကမ္ဘာ့နိုင်ငံများသို့ အကြံပြုထားသည်။

> **"ပုံမှန်ပေးနေကျငှက်ဖျားဆေးများကို ခံနိုင်ရည်ရှိသောဆေးယဉ်ပါးငှက်ဖျားရောဂါသည် အရှေ့တောင်အာရှနိုင်ငံများဆီ မြန်မြန်ဆန်ဆန်ကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံနှင့် ထိုင်းနိုင်ငံ ဆေးပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်သောနေရာတွင် အောင်မြင်ဖြစ်ထွန်းမှုကြီးမားအောင် လုပ်ဆောင်လာနိုင်ခဲ့သော်လည်း ဆေးဒဏ်ခံနိုင်သော ရောဂါပျံ့နှံ့လာမှုက ခြိမ်းခြောက်လာလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတွင် လက်ရှိငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းနေသော်လည်း ဆေးယဉ်ပါးငှက်ဖျားရောဂါအတွက် စိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနက သတိပေးထား"**

### ငှက်ဖျားရောဂါ ကာကွယ်ဆေးသစ်တစ်မျိုး အသုံးပြုခွင့်ကို WHO က အတည်ပြုပေးခဲ့

WHO က ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့က သုံးစွဲခွင့်အတည်ပြုချက်ပေးလိုက်သည့် ငှက်ဖျားရောဂါကာကွယ်ဆေးမှာ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီးထုတ်လုပ်ထားသည့် R21/Matix-M အမည်ရှိ ကာကွယ်ဆေးဖြစ်သည်။ အဆိုပါဆေးသည် သုံးစွဲနိုင်သော ကာကွယ်ဆေးအဖြစ် WHO က အတည်ပြုပေးခဲ့သည့် ဒုတိယမြောက် ငှက်ဖျားရောဂါကာကွယ်ဆေးဖြစ်သည်။ WHO သည် RTS.S/AS01 အမည်ရှိ ငှက်ဖျားရောဂါကာကွယ်ဆေးတစ်မျိုးကို ၂၀၂၁ ခုနှစ်က သုံးစွဲခွင့်အတည်ပြုပေးခဲ့ပြီးဖြစ်သည်။ ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါသည် အာဖရိကတိုက်၌ ကူးစက်ဖြစ်ပွားမှုအားကောင်းနေဆဲဖြစ်ပြီး နှစ်စဉ်ကလေးဦးရေ ၅၀၀၀၀၀ ခန့်မှာ ငှက်ဖျားရောဂါကြောင့် သေဆုံးနေရသည်။ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ငှက်ဖျားရောဂါကူးစက်ခံရမှု ၂၄၇ မှုအထိရှိခဲ့ပြီး လူပေါင်း ၆၁၉၀၀၀ အထိ ငှက်ဖျားကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

### မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါ

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ ရောဂါဖြစ်စဉ်လျော့ကျသွားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ မြန်မာပြည်တွင်း၌ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာရှိတော့ကြောင်းနှင့် ယင်းနောက်ပိုင်း ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီဖြစ်ကြောင်း မှတ်တမ်းများအရသိရသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။

ကမ္ဘာ့ငှက်ဖျားရောဂါ ဖြစ်ပွားသေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိပြီး ဒုတိယအများဆုံး ဖြစ်ပွားသေဆုံးမှုနှုန်းမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့နှင့်အတူ ဖြစ်ပွားသေဆုံးမှုနှုန်း အများဆုံးတွင် ပါဝင်နေသည်။ မြန်မာ့လူဦးရေ တစ်ဝက်ကျော်သည် ငှက်ဖျားရောဂါ ကူးစက်မှုအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်ကြရပြီး ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်ခင် ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းစာရင်းအရ မြန်မာတစ်နိုင်ငံလုံးတွင် ငှက်ဖျားဖြစ်ပွားသူ သုံးသိန်းနီးပါးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှတ်တမ်းများတွင် ဖော်ပြထားသည်။ ဒေသန္တရကျန်းမာရေးဝန်ထမ်းများက ကြိုးစားအားထုတ်လျက်ရှိသော်လည်း ယနေ့အချိန်အထိ ငှက်ဖျားရောဂါကို ထိထိရောက်ရောက်ချေမှုန်းနိုင်ရန် ခက်ခဲနေပါသေးသည်။

### ကြောက်စရာ့ငှက်ဖျား

ငှက်ဖျားရောဂါပိုး သယ်ဆောင်လာသည့် အနောဖလိ (Anopheles) ဟုခေါ်သော "ခြင်မ" ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်လာရသည်။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီး အကယ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ငှက်ဖျားရောဂါဖြစ်သည့်အခါ အချိန်မတိုင်မီကလေးမီးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်း၊ မွေးဖွားပြီးပြီးချင်းကလေးသေဆုံးခြင်း၊ သားလျှောခြင်းတို့ဖြစ်နိုင်သည်။ ထိုခြင်မ အကိုက်ခံရပြီးနောက် ၁၀ ရက်မှ ရက်သတ္တသုံးပတ်အတွင်း ငှက်ဖျားပိုးဝင်သွားသည်။ လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုး တစ်ကြိမ်ဝင်မိပြီဆိုသည်နှင့် လုံးဝအမြစ်မပြတ်နိုင်တော့ပေသို့မဟုတ် လွန်စွာခဲယဉ်းသည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများမှာ လွန်စွာများပြားလှသဖြင့် ခြင်ကိုက်မခံရအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ကာကွယ်ထားသင့်ပါသည်။

### သတိပြုဖွယ် ဆေးယဉ်ပါးငှက်ဖျားရောဂါ

ပုံမှန်ပေးနေကျ ငှက်ဖျားဆေးများကို ခံနိုင်ရည်ရှိသောဆေးယဉ်ပါးငှက်ဖျားရောဂါသည် အရှေ့တောင်အာရှနိုင်ငံများဆီ မြန်မြန်ဆန်ဆန်ကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံနှင့် ထိုင်းနိုင်ငံ ဆေးပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်သောနေရာတွင် အောင်မြင်ဖြစ်ထွန်းမှုကြီးမားအောင် လုပ်ဆောင်လာနိုင်ခဲ့သော်လည်း ဆေးဒဏ်ခံနိုင်သော ရောဂါပျံ့နှံ့လာမှုက ခြိမ်းခြောက်လာလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတွင် လက်ရှိငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းကျဆင်းနေသော်လည်း ဆေးယဉ်ပါးငှက်ဖျားရောဂါအတွက် စိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနက သတိပေးထားသည်။

ဆေးယဉ်ပါး ငှက်ဖျားရောဂါဆိုသည်မှာ ငှက်ဖျားဆေးများ ပုံမှန်မသောက်ခြင်း၊ ငှက်ဖျားဆေးအတုများ သောက်သုံးမိခြင်းတို့ကြောင့် ဖြစ်ပွားလာရကာ ဆေးမတိုးသောငှက်ဖျားရောဂါအဖြစ်သို့ ရောက်ရှိလာခြင်းကို ခေါ်ပါသည်။ ၎င်းဆေးယဉ်ပါးငှက်ဖျားရောဂါသည် ယခုအခါ အိမ်နီးချင်းနိုင်ငံတချို့တွင် ဖြစ်ပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်း မဖြစ်ရလေအောင်

**စာမျက်နှာ ၁၁ သို့** ✤



# အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီ

**နေပြည်တော် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချယာယီဆိပ်ကမ်းအဖြစ် အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ စတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

**ဆောင်ရွက်နိုင်ပြီ**

အဆိုပါဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (OSS) များက ဧပြီ ၂၄ ရက်မှစ၍ တာဝန်ချထား စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းရှင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပဲခူးမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပဲခူး ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇောင်းတူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တော သစ်ပင်နှင့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းကျော်(၂)က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ဆိုင်ရာများကို ဟောပြောပေးကာ တက်ရောက်လာသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြသပေးခဲ့သည်။ ဆက်လက်ပြီး ဟောပြောပွဲသို့ တက်ရောက်လာသူများအား သစ်ပင်များနှင့် ပန်းပွင့်သည့် အရိပ်ရအပင်များကို ပေးအပ်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဇောင်းတူကျေးရွာ နယ်မြေခံ ရဲစခန်းမှတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒုတိယမြို့နယ် ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်သစ်တော**

# မိုင်းဆတ်မြို့နယ်၌ နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မိုင်းဆတ် ဧပြီ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျတီကျေးရွာရှိ မွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထုတ်ထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးနှင့် တာဝန်ရှိသူများသည် ကျတီကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် စိန်ပန်းနီအဖွဲ့၊ စံပယ်ပန်းအဖွဲ့၊ ပိတောက်ပန်းနှင့် သစ္စာပန်းအဖွဲ့များက ဒေသနွားများ မွေးမြူထားရှိမှုနှင့် လအလိုက် ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**မွေးမြူလျက်ရှိ**

ကျတီကျေးရွာတွင် အစုအဖွဲ့တစ်ဖွဲ့လျှင် နွားကောင်ရေ ၁၅ ကောင် စုစုပေါင်းအစုအဖွဲ့လေးဖွဲ့မှ နွားကောင်ရေ ၆၀ ကို ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင် ခြင်းလုပ်ငန်း (RBF)စီမံကိန်း ချေးငွေကျပ်သိန်း ၃၀၀ ဖြင့် မွေးမြူလျက်ရှိကြောင်း သိရသည်။

**ဂျဂျ**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❖ စာမျက်နှာ ၁၀ မှ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် ယင်းရောဂါအတွက် အလေးထားကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးဈေးကွက်တွင် ငှက်ဖျားဆေးအတုများ ဝင်ရောက်လာခြင်း မရှိစေရန်အတွက်ကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငှက်ဖျားရောဂါလက္ခဏာများ**

ရောဂါလက္ခဏာများမှာချွေးစေးများထွက်ကာ ဖျား၍ချမ်းတုန်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ဝမ်းသက်ခြင်း စသည်တို့ဖြစ်သည်။ အကယ်၍ ရောဂါပြင်းထန်လာပါက သွေးအားနည်းခြင်း၊ ဆီးထဲသွေးပါခြင်း၊ ငှက်ဖျားပိုး ဦးနှောက်ထဲရောက်ကာ သတိလစ်မေ့မြောခြင်း၊ အဖျားကြီးလွန်း၍ သတိလစ်မေ့မြောခြင်း၊ သွေးထဲတွင် သကြားဓာတ်လျော့ကျသွားခြင်း၊ အသက်ရှူလမ်းကြောင်းတွင် ပြဿနာကြီးဖြစ်လာခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ သရက်ရွက်ကြီးခြင်းတို့ ဖြစ်လာသည်။

**လွယ်ကူမြန်ဆန် အိမ်တွင်းကုထုံးများ**

ငှက်ဖျားရောဂါနှင့်ပတ်သက်ပြီး တိုင်းရင်းဆေးကျမ်းများအလိုအရ “ငှက်သင့်၊ ငှက်ဖျား ဆိုသည်များလည်း ကြီးမားသောင်ကမ်း၊ ဆီးနှင်းရွှမ်း၊ အေးချမ်းရပ်နေ၊ ဘေးသည်းခြေလျှင်၊ ဆောင်းထွေအုပ်စိုး၊ ထိုအခိုး” ဟုဆိုထားသည်။ မှန်ပါသည်။ ငှက်ဖျားရောဂါသည် ဥတုချမ်းအေးသောတောင်သောင်ကမ်းကြီးများတွင် ကူးစက်ပြန့်ပွားမှု လွန်စွာမြင့်မားသည်။ အကယ်၍ ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့်အရပ်ဒေသများသို့ မဖြစ်မနေသွားရမည်ဆိုပါက ဆရာဝန်နှင့်တိုင်ပင်ကာ ငှက်ဖျားကာကွယ်ဆေးကို ကြိုတင်သောက်သုံးခြင်း သို့မဟုတ် ကြိုတင်ဆေးထိုးခြင်း၊ ဆေးဆောင်ထားခြင်း ပြုလုပ်သင့်ပါသည်။

ငှက်ဖျားရောဂါသည် မြန်မာပြည်တွင် ရှေးပဝေသဏီကတည်းကစ၍ ဖြစ်ပေါ်လာခဲ့သဖြင့် ရှေးလူကြီးများက အိမ်တွင်းကုထုံးများကိုသုံးကာ ငှက်ဖျားရောဂါ အမြစ်ပြတ်အောင်ကုသခဲ့ကြသည်။ သို့ပါ၍ ငှက်ဖျားရောဂါနှင့်ပတ်သက်သော လွယ်ကူမြန်ဆန် အိမ်တွင်းကုထုံးများကို ကျန်းမာသုတရစေရန် အောက်ပါအတိုင်း ပြန်လည်၍မျှဝေပေးလိုက်ရပါသည်။

❍ ငှက်ဖျားအတွက် စပါးလင်လက်ဖက်ရည်က ကောင်းစွာထိရောက်မှုရှိသည်။ စပါးလင်ပင် လတ်လတ်ဆတ်ဆတ်ကို ထောင်းထု၍ ရေနွေးပူပူမှာ ခတ်သောက်ပါ။

❍ တမာပင်၏ ပင်စည် (အခေါက်) က ငှက်ဖျားနှင့် အဖျားရောဂါအမျိုးမျိုးတို့အတွက် ဆေးဖက်ဝင်သည်။

❍ မြင်းခွာရွက်နှင့် ငရုတ်ကောင်းစေ့တို့ကို အလေးချိန်ဆတူရောကြိတ်၍ သောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါ အမြစ်ပြတ်ပျောက်ကင်းစေပါသည်။

❍ မှန်ကူသီးကိုအစေ့ထုတ်၍ အမှုန့်ပြုပြီး ဖန်ခါးမှုန့်နှင့်ရောကာ သမအောင်ပြုလုပ်ပြီး ဆီးကင်းခန့်အလုံးကလေးများ ပြုလုပ်၍ တစ်နေ့တစ်လုံး နံနက်တိုင်းသောက်ပေးခြင်းဖြင့် ငှက်ဖျားရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ထားနိုင်သည်။

❍ မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ၏ အဆိုအရ မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ငရုတ်ကောင်းမှုန့် စသည့်သုံးမျိုးကို ဆတူရောကြိတ်၍ သုံးရွေးသားစီခန့်လုံးပါ။ နံနက်တစ်လုံး ညတစ်လုံးစားပါ။ ငှက်ဖျားနာတာရှည်ရောဂါများကင်းစင်ပြီး မည်သည့်ရောဂါမျှ စွဲကပ်မလာတော့ဘဲ ကျန်းမာ၍ အသက်ရှည်စေကြောင်း သိရသည်။

❍ ငှက်ဖျားရောဂါအတွက် လတ်လတ်ဆတ်ဆတ် ကင်ပွန်းချဉ်ရွက်ကြိတ်ရည် (သတ္တုရည်) ကို သောက်သုံးသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘောဒီးယား၊ တရုတ်(ယူနန်ပြည်နယ်)၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံသည် ငှက်ဖျားပပျောက်ရေးတွင် တိုးတက်မှု ဆက်လက်လုပ်ဆောင်နေပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ငှက်ဖျားရောဂါ ၉၇ ရာခိုင်နှုန်း လျော့ကျသွားကြောင်း အစီရင်ခံတင်ပြထားသည်ကို လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း တီဘီ၊ အိတ်ချ်အိုင်ဗွီနှင့် ငှက်ဖျားရောဂါဖြစ်ပွားနှုန်း အများဆုံးနိုင်ငံများတွင် ပါဝင်နေဆဲဖြစ်သော်လည်း ယင်းအစီရင်ခံစာအရ ရောဂါတိုက်ဖျက်ရေး၌ အောင်မြင်မှုရှိနေသည်မှာ ဝမ်းသာစရာဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မိမိ၏ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များပြောင်းလဲမှုကြောင့် ဖြစ်ပွားသည်များရှိသကဲ့သို့ လူတစ်ဦးမှ တစ်ဦးထံ တစ်ဆင့်ကူးစက်ဖြစ်ပွားသည့် ရောဂါများကိုလည်း တွေ့ရှိနေရသဖြင့် ပေါ့ပေါ့ဆဆမနေသင့်ပေ။

ငှက်ဖျားရောဂါကို ၂၀၅၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်မှ အပြီးတိုင်တိုက်ဖျက်နိုင်လိမ့်မည်ဟု ရည်ရွယ်ထားသော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားသောအကြောင်းရင်းများကြောင့် ငှက်ဖျားရောဂါတိုက်ဖျက်ရာ၌ အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရသည်။ ထို့ပြင် လူအများ တစ်နေရာမှ တစ်နေရာသို့ သွားလာမှုများပြားခြင်း၊ ဆေးယဉ်ပါး ငှက်ဖျားပိုးများ ပျံ့နှံ့လာခြင်း၊ ငှက်ဖျားဆေးဝါးအတုများနှင့် အရည်အသွေးမပြည့်ဝသော ဆေးဝါးများကို အသုံးပြုမိခြင်းနှင့် ငှက်ဖျားရောဂါကိုဖြစ်စေသောခြင်များ အလေ့အထပြောင်းလဲလာခြင်းတို့က ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် စိတ်ခေါ်မှုတစ်ရပ်ဖြစ်နေသေးသည်။ ထို့ကြောင့် မိမိကစ ငှက်ဖျားရောဂါ မဖြစ်စေရေးအတွက် နိစ္စဓူဝသွားလာနေထိုင်မှုများ၌ သတိရှိကြစေလိုပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်များအတိုင်း ပြည်သူလူထုတစ်ရပ်လုံး လိုက်နာဆောင်ရွက်ခြင်းဖြင့် ငှက်ဖျားရောဂါ ကင်းစင်စေမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း (၁၁-၄-၂၀၂၄ ရက်နေ့မှ ၂၀-၄-၂၀၂၄ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>သံတွဲမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာထိခိုက်နိုင်</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၁၃</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ရွှေပြည်သာမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်

ရွှေပြည်သာ မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သာခုကန်စက်မှုဇုန်ရှိ JocMyanmar အထည်ချုပ်စက်ရုံ၊ Yangon panatex အထည်ချုပ်စက်ရုံနှင့် Dongyi အထည်ချုပ်စက်ရုံများတွင် ပြုလုပ်ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ရွှေပြည်သာမြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကိုကိုနှင့် ဦးစီးအရာရှိ ဦးသန်းထွန်းဇော်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဂါဇာကမ်းမြောင်ဒေသ၌ သန့်ရှင်းရေးအခြေအနေ ဆိုးရွားမှုကြောင့် ရောဂါဆိုးများ ဖြစ်ပွားလာနိုင်




**ဂျေရုဆလင် ဧပြီ ၂၅**

ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာမှုအကူအညီများ ပို့ဆောင်မှု မြင့်တက်လာသော်လည်း သန့်ရှင်းရေးအခြေအနေ ဆိုးရွားမှုကြောင့် ရောဂါဆိုးများ ဖြစ်ပွားလာနိုင်ကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲက ပြောကြားသည်။

ဂါဇာကမ်းမြောက်ရှိ သန့်ရှင်းရေးအခြေအနေသည် ပူပြင်းသောရာသီဥတုတွင် ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်ကြောင်း ၎င်းက ဆိုသည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် အလုပ်များ အေဂျင်စီမှ ကော်မရှင်နာချုပ် ဖိလစ်လက်ဇ်ဇာရီနီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၂ ရက်တွင် ဂါဇာကမ်းမြောင်သို့ ထရပ်ကား ၃၁၆ စီး ဝင်ရောက်ခဲ့ကြောင်း ၎င်းက ပြောသည်။

သို့သော် လိုအပ်သော အကူအညီများ ပေးပို့ရန် တစ်ရက်လျှင် ထရပ်ကား ၅၀၀ ကျော် ဝင်ရောက်ရန်လိုအပ်ကြောင်း ဖိလစ်လက်ဇ်ဇာရီနီက ဆိုသည်။

ဒေသခံများ အများအပြား ခိုလှုံရာနေရာများတွင် စုပုံထားသောအမှိုက်များကို ဖယ်ရှားခြင်းသည် အဓိကဆောင်ရွက်ရမည့် ဦးစားပေးကိစ္စ ဖြစ်လာကြောင်းနှင့် ပူနွေးသောရာသီ ရောက်ရှိလာသည်နှင့် အမျှ ရောဂါဆိုးများ ဖြစ်ပွားနိုင်သည်ကိုလည်း စိုးရိမ်ကြောင်း ၎င်းက ပြောသည်။

အစ္စရေးတပ်များနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့် ဂါဇာတွင် ပြည်သူ ၁ ဒသမ ၇ သန်းခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးစစ်တပ်က ပြင်းထန်စွာ ပိတ်ဆို့ထားခြင်းကြောင့် ဒေသခံပြည်သူများ အစားအစာ၊ သောက်သုံးရေနှင့် ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက ဧပြီ ၂၄ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခများကြောင့် အောက်တိုဘာလမှ စတင်ပြီး လက်ရှိအချိန်အထိ ဂါဇာ၌ ၃၄၁၈၃ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အစ္စရေးက မြေပြင်ထိုးစစ်အပါအဝင် ၎င်း၏ တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည့်အတွက် ရာဖာမြို့၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နှင့် အစ္စရေးသင်္ဘောများကို တိုက်ခိုက်ခဲ့ဟု ဟူသီစစ်သွေးကြွအဖွဲ့ပြောကြား

**ဆာနာ ဧပြီ ၂၅**

အေဒင်ပင်လယ်ကွေ့ရှိ အမေရိကန်သင်္ဘောနှစ်စင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိအစ္စရေးသင်္ဘောတစ်စင်းတို့အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ယခုတိုက်ခိုက်မှုများသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း နိုင်ငံသားများနှင့် မိမိတို့တစ်သားတည်းရပ်တည်ကြောင်းပြသခြင်းဖြစ်သည့်အပြင် ယီမင်နိုင်ငံအား ကျူးကျော်တိုက်ခိုက်သည့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့အား တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာယာ ဆာယီယာက ပြောကြားသည်။

ယခုဆောင်ရွက်သည့် တိုက်ခိုက်မှုများကို ဗုံးတပ်ဆင်ထားသည့် ဒရုန်းများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပစ်မှတ်များကို အောင်မြင်စွာပစ်ခတ်နိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသခံများအား တိုက်ခိုက်မှု အဆုံးမသတ်သေးသရွေ့ မြေထဲပင်လယ်၊ အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်နီတို့မှ ဖြတ်သန်း၍ အစ္စရေးနိုင်ငံသို့ သင်္ဘောများခုတ်မောင်းသွားလာခြင်းကို တားမြစ်သွားမည်ဖြစ်ကြောင်း ဟူသီအဖွဲ့က ပြောကြားသည်။

ယမန်နှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား ပဋိပက္ခ ဖြစ်ပွားပြီးနောက် ဟူသီအဖွဲ့သည် ဟားမတ်စ်အဖွဲ့ကို ထောက်ခံကြောင်း ပြောကြားခဲ့ပြီး ပင်လယ်နီတွင် အစ္စရေးနှင့် ဆက်နွှယ်သည့် သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**




# ယခုနှစ် ဇန်နဝါရီလမှ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံတကာ ခရီးသွား နှစ်သန်းကျော် လာရောက်

**မနီလာ ဧပြီ ၂၅**

ယခုနှစ် ဇန်နဝါရီလမှ စတင်ပြီး လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံတကာခရီးသွား နှစ်သန်းကျော် လာရောက်ခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတရုံး၏ ဆက်သွယ်ရေးရုံးက ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၂၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ၂၀၁၀၅၂၂ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

ပထမသုံးလပတ်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုပမာဏသည် ပီဆို ၁၅၇ ဒသမ ၆၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃ ဘီလီယံ) ရရှိခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

## ပြန်လည်ရောက်ရှိ

နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံတကာ ခရီးသွား စုစုပေါင်း၏ ၁၈၉၄၀၇၆ ဦး (၉၄ ဒသမ ၂၀ ရာခိုင်နှုန်း) သည် နိုင်ငံခြားခရီးသွားများ ဖြစ်ကြပြီး ၁၁၆၄၄၆ ဦး (၅ ဒသမ ၇၉ ရာခိုင်နှုန်း) သည် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် ဖိလစ်ပိုင်နိုင်ငံသားများ ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသား ၅၄၆၇၂၆ ဦး (၂၇ ဒသမ ၁၉ ရာခိုင်နှုန်း)၊ အမေရိကန်နိုင်ငံသား ၃၁၅၈၁၆ ဦး (၁၅ ဒသမ ၇၁ ရာခိုင်နှုန်း) ရှိပြီး တရုတ်နိုင်ငံသား ၁၃၀၅၇၄ ဦး (၆ ဒသမ ၄၉ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ငါးသန်းကျော် လာရောက်ခဲ့ပြီး ယခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွား ၇ ဒသမ ၇ သန်းခန့် လာရောက်ရန် ရည်မှန်းထားသည်။

ယခုနှစ်တွင် မှတ်တမ်းတင်ထားသော နိုင်ငံတကာ ခရီးသွားဦးရေသည် ၂၀၂၃ ခုနှစ် အလားတူကာလနိုင်ငံတကာခရီးသွားဦးရေထက် ၁၅ ဒသမ ၁၁ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီဖြစ်သည့် မီတာအား ငွေကြေးလိမ်လည်ခံရသူများက တရားစွဲဆို

**တိုကျို ဧပြီ ၂၅**

ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီဖြစ်သည့်မီတာသည်၎င်း၏အင်တာနက်စာမျက်နှာများပေါ်တွင် ကြော်ငြာထည့်သွင်းသည့် လုပ်ငန်းများကို လုပ်ငန်းအမှန်တကယ်လုပ်ကိုင်နေကြောင်း စစ်ဆေးရန်ပျက်ကွက်ခဲ့သဖြင့် ယင်းလုပ်ငန်းများ၏ ငွေကြေးလိမ်လည်ခံရသူများက မီတာအား တရားစွဲဆိုသည့် မှုခင်းတစ်ရပ် ဂျပန်နိုင်ငံ၌ ဖြစ်ပွားခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မီတာကုမ္ပဏီ ဂျပန်ရုံးခွဲအား ယခုဖြစ်စဉ်တွင် ငွေကြေးလိမ်လည်ခံရသူများက တရားစွဲဆိုခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်တွင် ငွေကြေးလိမ်လည်ခံရသူလေးဦးက ယနေ့တွင် ကိုဘေးခရိုင်တရားရုံးတွင်တရားစွဲဆိုခဲ့သည်။ စွန့်ဦးတီထွင်သူ Maezawa Yusaku နှင့် အခြားနာမည်ကျော်ကြားသူများ ပါဝင်ရင်းနှီးမြှုပ်နှံသည်ဟု လိမ်လည်ကြော်ငြာထားသည့် အွန်လိုင်းကြော်ငြာအတုများမှ တစ်ဆင့် ၎င်းတို့အား ငွေကြေးရင်းနှီးမြှုပ်နှံရန် ဖြားယောင်းခံရပြီးနောက် ယခုကဲ့သို့ ငွေအလိမ်ခံရခြင်းဖြစ်သည်ဟု သိရသည်။ မီတာကုမ္ပဏီသည် လူမှုမီဒီယာအသုံးပြုသူများအပေါ် မမျှော်လင့်ထားသော ပျက်စီးဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် ၎င်းကြော်ငြာများ၏ စစ်မှန်မှုကို စစ်ဆေးရန် တာဝန်ရှိသည်ဟု တရားလိုများက ပြောကြားသည်။

ယခုဖြစ်စဉ်တွင် မီတာနည်းပညာကုမ္ပဏီ၏ပေါ့လျော့မှုကြောင့် မိမိတို့ ငွေကြေးလိမ်လည်ခံရခြင်း ဖြစ်ကြောင်း တရားလိုများက ပြောကြားပြီး စုစုပေါင်း ယန်း ၂၃ သန်းကို မီတာ၏ ဂျပန်နိုင်ငံလုပ်ငန်းခွဲဖြစ်သည့် Facebook Japan ထံမှ လျော်ကြေးငွေအဖြစ် တောင်းခံထားသည်။ ဆိုရှယ်မီဒီယာများပေါ်တွင် ထင်ပေါ်ကျော်ကြားသူများ အယောင်ဆောင်၍ လိမ်လည်မှု များပြားလာခြင်းကြောင့် ယခုကဲ့သို့ တရားစွဲဆိုမှုများ ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**




# လာအိုနိုင်ငံ၌ အပူဒဏ်ကြိုတင်ကာကွယ်ရေးသတိပေး

**ဗီယင်ကျန်း ဧပြီ ၂၅**

လာအိုနိုင်ငံတစ်ဝန်းတွင် အပူချိန်များ မြင့်တက်နေသဖြင့် နိုင်ငံသားများအား နေအိမ်ပြင်ပ လှုပ်ရှားမှုများကို ရှောင်ကြဉ်ရန်နှင့်အပူဒဏ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန် လာအိုနိုင်ငံ မိုးလေဝသဌာနက ဧပြီ ၂၅ ရက်တွင် သတိပေး ပြောကြားသည်။

လာအိုနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့တွင် အပူချိန်ဆိုင်ရာသတိပေးချက်ထုတ်ပြန်ခဲ့ပြီး အပူချိန်မြင့်တက်လာချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မီးလောင်ကျွမ်းမှုများကို သတိပြုနေထိုင်ရန် နိုင်ငံသားများအား ညွှန်ကြားခဲ့သည်။

ဒေသခံများအနေဖြင့် အပူချိန်မြင့်တက်လာချိန်တွင် ဖြစ်တတ်သည့် အပူလျှပ်လေဖြတ်ခြင်းကဲ့သို့သော ကျန်းမာရေးပြဿနာများကို ဂရုပြုနေထိုင်ရေးအတွက် မိုးလေဝသဌာနက သတိပေးထားသည်။

ဒေသအများအပြားတွင် ဧပြီ ၂၅ ရက်မှ ၂၈ ရက်အတွင်း အပူချိန် ၄၀ မှ ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

**နေပြည်တော်  ဧပြီ  ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဧပြီ ၂၃ ရက်က လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၈ ဒသမ ၈၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၆၁၄၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၌ Toyota Mark II ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ Toyota Noah ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ရွာသာကြီး Dry Port၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် GI Pipe ကီလိုဂရမ် ၁၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၀၈၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂၉၇၄၁၄၆ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Wai Wai Quick ခေါက်ဆွဲခြောက် ၁၄၉၄ ဘူး၊ TPF/MA ကြက်မောက်သီးစည်သွတ်ဘူး ၁၂၀၀ နှင့်Golden Coin ပြောင်းကော်မှုန့် ၄၆၀ ကီလိုဂရမ်၊ သြစတြေးလျနိုင်ငံထုတ် JIP JIP Rocks Sparkling Shiraz Wine ပုလင်း ၁၅၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၄၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၁၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၀၅၃၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၄ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၇ ဒသမ ၂၂၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၈၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၁၃၉၅၀၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အောင်လံမြို့ စစ်ဆေးရေးဂိတ်တွင် လမ်းသွားလမ်းလာကားများကိုတားဆီးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသား ၃၀ ကျော်ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော်  ဧပြီ  ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အရှေ့ဘက် စစ်ဆေးရေးဂိတ်၌ ယနေ့နံနက် ၇ နာရီခန့်က လမ်းသွားလမ်းလာကားများကို တားဆီးစစ်ဆေးပြီး လူငယ်များ ဖမ်းဆီးလျက်ရှိရာ အမျိုးသား ၃၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ ကောလာဟလသတင်းသည် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းဖြစ်ပြီး ၎င်းမြို့အဝင်အထွက် စစ်ဆေးရေးဂိတ်များတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေခြင်းသာဖြစ်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြနေသည့် လူငယ်များကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းအဆိပ်ခတ် ရေးသားဖြန့်ဝေနေ**

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် သတင်းအဆိပ်ခတ် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  ဧပြီ  ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့)ရပ်ကွက်၌ သန်းထွန်း(ခ)ဦးထွန်း မောင်းနှင်ပြီး မနန်းဆိုင်ဆာ(ခ)အေးယိမ်း လိုက်ပါလာသည့် TOYOTA Vitz အမျိုးအစားယာဉ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီတွင် ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် မြောင်းမြလမ်းရှိ မနန်းဆိုင်ဆာ(ခ)အေးယိမ်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၅ သိန်းကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၃ ရက် ည ၇ နာရီတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ နယ်မြေ(၈-က) ရပ်ကွက်(၈)ရှိ မျိုးမင်းသူ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၄-၂၀၂၄ သောကြာနေ့

**MRTV HD**

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဗျူဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ (အုန်းခွံ)
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားသတင်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၁၀)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၀)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအငမွ
၁၇:၁၀ မြို့တော်သာယာရကြည်ပြာ
၁၇:၃၅ တိမ်တွေရဲ့အစွန်...မြို့နောင်မွန်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၁၃) (စိုးသီဟ၊ နေဆန်း၊ လှမျိုးသဉ္ဇာနွယ်၊ နန်းဆုဦး၊ စန်းကြည်ဖြူ) (ဒါရိုက်တာ-နေကြာရိုင်း)
၁၉:၃၅ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူရည်ချွန်မောင်မယ်များနှင့်မျိုးဆက်သစ်လူငယ်များ (Video Clip)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ငွေပန်းချီ' တေးဂီတပျော်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၆)

**mitv**

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 The Longest Living Siblings (Part-1)
07:34 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
08:01 News
08:26 Ecotourism: The Tourist Attractions of Mingun, Sagaing
08:50 Mote Sein Paung from Intaing Village
09:01 Myanmar Puppeteers (Ogre Dance)
09:09 A Worth Keeping Treasure of Anyar
09:41 Compelling Benefits of Radiation Technology
09:48 Commercial Farmimg to GDP Growth, Lady's Fingers Grower
10:01 News
10:26 Topical Topics (No. 26) Harness Freshwater Sources & Effiently use Water

**MRTV NRC**

ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဝလေရိုးရာ (တိုင်းဆာ၊ တိုင်းလီ၊ တိုင်းခမ်းတီး၊ တိုင်းနေ)
ဝ (၀၈:၀၀ မှ ၁၀:၀၀) 'ဝ' ရိုးရာဝက်သားဆန့်ပြုတ်ချက်နည်း (အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)
ကချင် (၁၀:၀၀ မှ ၁၂:၀၀) အလှမှာယဉ်ဆေးပက်ဝင်တဲ့ တရုတ်စံကားပွင့်
ကယား (၁၂:၀၀ မှ ၁၄:၀၀) စိတ်ဝင်စားဖွယ်ကယားမြေက အောင်သပြေလိုက်ဂူ
ဝကကကရင် (၁၄:၀၀ မှ ၁၅:၀၀) ငါးတန်ဖမ်းခြင်း
အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) ဝင်ငွေကောင်းတဲ့တောင်ပေါ်ငုက်ပျော
အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁:၀၀) ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ
ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀) တေးသံရှင်ဘီလီငွန်ကျုံးဘိမ် (ရင်တွင်းသီချင်း)
ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀) ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း
မွန် (၁၉:၀၀ မှ ၂၁:၀၀) ထန်းပင်၏တန်ဖိုး
ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) နားငွေတော်ဓာတ်တက်ပွဲ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ ဝံ့ရှမ်းတို့ရဲ့မြို့တော်ကျိုင်းတုံ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ ရသစုံစွာဥမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို အငမွ
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဝင်ကာပူနိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အာဖရိကနိုင်ငံ) (အပိုင်း-၂၈)
၁၈:၀၀ Economic review "2024 ခုနှစ်ဆန်စပါး"

**MRTV FARMERS' HTV**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၀ မိရိုးဖလာတောင်သူတစ်ဦးရဲ့တစ်နေ့တာ
၀၆:၄၅ လျှင်မြန်တိုးချဲ့စီးပွားတက် တိုင်းရင်းကြက်ရဲ့အားသာချက်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း) ဒါရိုက်တာ-ဩရသ သရုပ်ဆောင်-ဇေရဲထက်၊ ဖွေးဖွေး
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sport Dairy
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဆီဆိုင် မေ ၂၅**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့အား ဇန်နဝါရီလအတွင်း KNDF၊ PNLA၊ PDF အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများ၊ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ပြီး ဆီဆိုင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေး၊ ဘုန်းတော်ကြီးကျောင်းများ၊ ရဲစခန်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ကွင်းဆင်းကြည့်ရှု**

ယခုအခါ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေးအတွက် မေ ၂၅ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ပျက်စီးဆုံးရှုံးသွားသော မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာများ၊ ဈေးများ၊ ဇဝနာရာမစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၊ မြို့နယ်ရဲစခန်း၊ မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် ဒေသခံပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်က မှာကြားခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ ပြန်လည်တည်ထောင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးတို့ကို ဆောင်ရွက်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ ဝင်ရောက်လာတော့မည်ဖြစ်၍ ဆေးရုံ၊ ဈေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို နိုင်ငံတော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့မှုများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်မိရပ်ဖများကလည်း ဆီဆိုင်မြို့ ပြန်လည်တည်ထောင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆိုလာမီးများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဒေသခံပြည်သူလူထုကိုယ်စား ဆိုက်ခေါင်ကျေးရွာနေ ဦးအောင်ကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ပြည်နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် သုံးပါးတို့အား ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဘယာရာမပရိယတ္တိ စာသင်တိုက်ဆရာတော်အမှူးပြုသောသံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၅ ဦးကိုလည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က နယ်မြေခံတပ်နယ်ခန်းမ၌ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မေ ၂၅**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်”မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်(မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား) တို့၏ “တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်”မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ကိုကျော်စွာ(ကျိုက်ပိ)၊ ရှင်စောဖြူတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ပါမောက္ခကိုကိုအောင်၊ သီတာမြတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါး၊ မြသိန်း၊ ရဲထက်ဇော်တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ သန့်လွင်ထွန်း(MPA)၏ မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါး၊ ခင်မောင်အေး၏ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆောင်းပါး၊ ခြယ်မှုန်းသီ၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ စောနိုင်(အသုံးချဘောဂဗေဒ)တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း၊ ကိုကိုအောင်(အလုပ်သမား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ရန်ကုန်ဌေးဇော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် မေ ၂၄ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် ရွှေဘို-ဆိပ်ခွန်-မူးကမ်းကြီး လမ်းပိုင်းတွင် ကုန်စည်စီးဆင်းမှုပြုလုပ်နေသည့် ကုန်ကားများနှင့် ခရီးသွားပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ၎င်းကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ချီပါကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

**လုပ်ကြံရေးသားနေခြင်းသာဖြစ်**

ထိုသို့ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချရန် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဧပြီ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၄ ရက်နေ့မှ ၇-၆-၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိုတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

# ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြစ်ကြီးနား ဧပြီ ၂၅

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၁) နှစ်အောက် ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ပြည်နယ်ဘောလုံးကွင်းအတွင်း ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဧပြီ ၂၆ ရက်မှ မေ ၇ ရက်အထိ ကလပ်အသင်းငါးသင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ဘောလုံးပြိုင်ပွဲသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲအတွက် အရည်အချင်းရှိ အားကစားသမားများကို ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ပြီး ပြည်နယ်ဘောလုံးအသင်းအောင်မြင်မှုရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဘောလုံးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် အားကစားသမားများအနေဖြင့်လည်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် လက်ရွေးစင်ဘောလုံးအသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အားကစားကွင်းအတွင်းရှိ ပြိုင်ပွဲဝင် ကလပ်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြကာ နည်းပြများအတွက် နည်းပြဘုတ်နှင့် ဘောလုံးစာအုပ်များပေးအပ်သည်။ ဆက်လက်၍ တိုင်းရင်းသားရိုးရာအကအလှများ၊ သရုပ်ပြအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် သရုပ်ပြအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသက်(၂၁)နှစ်အောက်ကလပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မိုင်းနားလူငယ်နှင့် နောင်ရာကလပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့သည်။ ပြည်နယ်(ပြန်/ဆက်)

❖ ဖီအိုရင်တီးနားအသင်းမှ

အတ္တလန္တာအသင်းဟာ ကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ် ပထမအကျော့မှာ ဖီအိုရင်တီးနားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့မှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့လို့ ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အတ္တလန္တာအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ရဲ့ ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်မှာ အတ္တလန္တာအသင်းက ပွဲကစားချိန်ရှစ်မိနစ်မှာ ကွပ်မေးနားစ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဖီအိုရင်တီးနားအသင်းက ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း ၅၃ မိနစ်မှာ မီလန်ကိုဗစ် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံရလို့ တစ်ယောက်လျော့နဲ့ကစားခဲ့ပါတယ်။

**အခွင့်ကောင်းတစ်ရပ်ပိုင်ဆိုင်**

ဒါကြောင့် အတ္တလန္တာအသင်းအတွက် အခွင့်ကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ပြီး ၇၅ မိနစ်မှာ အက်စ်ကာမက်ကာကတစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို လေးမိနစ်မှာ လွတ်မန်းကတစ်ဂိုးနဲ့ နာကျင်အချိန်ပို ကိုးမိနစ်မှာ ပါဆာလစ်ကတစ်ဂိုးသွင်းယူပေးခဲ့ပြီး ဖီအိုရင်တီးနားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၆၈ မိနစ်မှာ မာတီနက်ဇ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အတ္တလန္တာအသင်းဟာ ဖီအိုရင်တီးနားအသင်းကို အနိုင်ရရှိကာ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲတက်လှမ်းခဲ့တာကြောင့် ဗိုလ်လုပွဲစဉ်မှာ ဂျူဗင်တပ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး ဂျူဗင်တပ်အသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ လာဇီယိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၉၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၈၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နွေရာသီအဆင့်မြင့် အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

မကွေး မေ ၂၅

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက တိုင်းဒေသကြီးအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်းရှိလူငယ်များ အားကစားလှုပ်ရှားမှုများတွင် စိတ်ဝင်စားမှုနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှု မြင့်တက်လာစေရန်၊ အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာ ဖြစ်သည့်အတွက် အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် နွေရာသီသင်တန်းများကို အခြေခံမှတစ်ဆင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပေးနေရခြင်းဖြစ်ပါကြောင်း၊ နွေရာသီအဆင့်မြင့် အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည့်အတွက် လူငယ်များ အားကစားနှင့် ပညာရေးကို ပေါင်းစပ်သင်ကြားနိုင်ပြီး ဗလငါးတန်ဖွံ့ဖြိုးမှုကို အထောက်အကူပြုကာ ပညာတတ်သော၊ စိတ်ဓာတ်/စည်းကမ်းကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများဖြစ်လာနိုင်သလို နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် လက်ရွေးစင် အားကစားသမားများလည်း ပေါ်ထွက်လာမည်ဖြစ်ပါကြောင်းနှင့် သင်တန်းသား သင်တန်းသူများအနေဖြင့် နည်းပြဆရာများ၏ သင်ကြားပေးမှုအပေါ် အကောင်းဆုံး ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နွေရာသီအဆင့်မြင့် အားကစားသင်တန်းတွင် သင်ကြားမည့် အားကစားနည်းများမှ



သက်ဆိုင်ရာ အားကစားနည်းအလိုက် သရုပ်ပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဝူရှူး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်၊ လက်ဝှေ့နှင့် ကရာတေးဒိုစသည့် အားကစားနည်း ခုနစ်မျိုးကို အားကစားနည်းအလိုက် အောင်မြင်မှုများ ရရှိခဲ့သည့် အားကစားသမားများ၊ နည်းပြများမှ အခြေခံကျသည့် နည်းစနစ်များအလိုက် မေ ၂၅ ရက်မှ မေ ၂၃ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးမြို့နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

မော်လမြိုင် မေ ၂၅

မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများမှ ကွင်းအတွင်းနေရာယူ၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မွန်ပြည်နယ်တစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်လျက် ကဏ္ဍပေါင်းစုံတွန်းအားပေးပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိရာ (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှသည် မွန်ပြည်နယ်လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားကောင်းများ ထွက်ပေါ်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် မွန်ပြည်နယ်ပိုက်ကျော်ခြင်းအသင်း အောင်မြင်မှုရရှိစေရေး၊ မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် ပိုက်ကျော်ခြင်း အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက်ပြိုင်ပွဲဝင် အားကစားသမားများမှ အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး ဘင်ခရာအဖွဲ့နှင့် ဆိုင်ဘုတ်ကိုင်အဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေပေးအပ်၍ အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် ပိုက်ကျော်ခြင်းအသင်းနှင့် မုဒုံမြို့နယ် ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✪ တိမ်မြုပ်ပျောက်ကွယ်မှ

Siripaccaya art gallery တည်ထောင်သူ ကိုလှမျိုးကပြောသည်။

ရုပ်သေးလောကအတွက် အခြေခံအကျဆုံးအပိုင်းဖြစ်သည့် ရုပ်သေးပန်းပုထုသူနည်းနေသဖြင့် ထိုအပိုင်းများအတွက်လည်း စီစဉ်ဆောင်ရွက်မှုများလည်းရှိကြောင်းသိရသည်။“ အဓိကက ရုပ်သေးလောကပေါ့။ ပန်းချီကတော့ ဟန်ပန်မျိုးစုံနဲ့သူ့ဘာသာသွားနေတာ။ ပြဿနာမရှိဘူး။ မြန်မာ့ရုပ်သေးကတော့ ရုပ်သေးရုပ်ထွက်လာဖို့အခြေခံအကျဆုံးပန်းပုထုတဲ့သူတောင် နည်းနေတာဗျ။ ဒါအတွက်လည်း စီစဉ်ဆောင်ရွက်ချက်အချို့လည်းလုပ်ဆောင်နေတာရှိတယ်”ဟု ကိုလှမျိုးက ဆက်လက်ရှင်းပြသည်။ပြီးခဲ့သည့် မတ်လအတွင်းက ဦးဇော်ဝင်း (သစ်ထွင်း) ၏ “ရုပ်သေးပွဲ” တစ်ကိုယ်တော် ပန်းချီပြပွဲကို Hotel Mandalay ၌ ကျင်းပခဲ့ရာ လူစိတ်ဝင်စားမှုမြင့်တက်ခဲ့ကြောင်း သိရသည်။

“ ရုပ်သေးနဲ့ပတ်သက်လို့ အရင်ကထက်စာရင် လှုပ်သွားတယ်ဗျ။ ရုပ်သေးကို လူကြီးလူငယ် အာရုံစိုက်ဖြစ်တယ်။ လူစိတ်ဝင်စားမှုပိုလာတယ်။ အဲဒီပွဲ စီစဉ်လိုက်တော့ ရုပ်သေးမှာအားနည်းချက်၊ အားသာချက်တွေ ထွက်လာတာရှိတယ်။ တချို့ရုပ်သေးပွဲကို ကြည့်ဖူးကြတဲ့လူကြီးတွေ လာကြည့်ကြတယ်။ အာရုံစိုက်မှုကို ခံရတယ်။ တချို့က ဒါမျိုးပွဲထပ်လုပ်ဖို့အစီအစဉ်ရှိသေးလားဆိုပြီးမေးကြတယ်”ဟု ကိုလှမျိုးက ဆက်လက်ပြောသည်။

ထို့ပြင် မြန်မာလူမျိုးများနှင့် အလှမ်းကွာလာနေသည့် ရုပ်သေးပွဲများ ရှားပါးလာခြင်းကိုလည်း အလေးထားကြရန် လိုအပ်ကြောင်း သိရသည်။

**Thit Taw**

■ ကျောဖုံးမှ

အတွေ့အကြုံရှိသည့် ပြည်တွင်းကစားသမားများ ပါဝင်သည့် မဟာယူနိုက်တက်အသင်းက ပိုမိုဖိအားပေးနိုင်ခဲ့သည်။ ပွဲအစ ငါးမိနစ်တွင် နိုင်ငံခြားသားတိုက်စစ်မှူး ပက်ထရစ်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ခုနစ်မိနစ်တွင် ကျော်စွာမင်းက ဒုတိယဂိုးထပ်မံသွင်းယူကာ ပွဲကိုစောစီးစွာထိန်းချုပ်နိုင်ခဲ့သည်။ ၃၆ မိနစ်တွင် မျိုးမြင့်အောင်က တက္ကသိုလ်အသင်းအတွက် ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် အောင်လှိုင်ဝင်းက မဟာယူနိုက်တက်အသင်းအတွက် တတိယဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၅၆ မိနစ်တွင် ပက်ထရစ်၊ ၇၆ မိနစ်တွင် ခန့်ဇင်ဟိန်းတို့က ထပ်မံသွင်းယူကာ တက္ကသိုလ်အသင်းအတွက် ဒုတိယချေပဂိုးကို ၇၇ မိနစ်တွင် အောင်မြင့်မြတ်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ငါးပွဲဆက်တိုက် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ၁၅ မိနစ်တွင် ရန်နိုင်ဦး၊ ၄၅+၁ မိနစ်တွင် ဇင်ကိုထက်၊ ၇၂ မိနစ်တွင် ဉာဏ်လင်းထက်တို့က သွင်းယူခဲ့သည်။ အုပ်စု (က) တွင် ရန်ကုန်အသင်းက ငါးပွဲကစား ၁၅ မှတ်၊ မဟာယူနိုက်



မဟာယူနိုက်တက်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

တက်အသင်းက ငါးပွဲကစား ၁၂ မှတ်၊ GFA အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက ငါးပွဲကစား သုံးမှတ်ရထားပြီး ရွှေပြည်သာအသင်းမှာမူ ငါးပွဲစလုံး အရေးနိမ့်ထားသည်။

မေ ၂၆ ရက် (ယနေ့) တွင် ပဒုမ္မာကွင်း၌ Rainbow အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၅

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂၅

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂၂-၄-၂၀၂၄ ရက်မှအဆက်

ရယ်စရာပြောသော်လည်း ကျော်ညွန့်က မရယ်။ ကျွန်တော် ပြုံးကြည့်နေလိုက်သည်။ ကျော်ညွန့်က လေးလေးနက်နက် အမူအရာဖြင့် –

"ငါ အကောင်းပြောမလို့"

"လုပ်ပါ၊ ပြောပါ။ ပေါ်ဦး မနောက်နဲ့"

သူ့မျက်နှာအမူအရာကြောင့် ကျွန်တော်က သူ့စကားကို ဝင်ထောက်ပေးရင်း ပေါ်ဦးကို လှမ်းဟန့်လိုက်သည်။

"ကောင်မလေးအခြေအနေက သိပ်မြင့်တယ်။ မင်းတို့၊ ငါတို့ဘဝနဲ့ ဘာမှမဆိုင်ဘူး"

"ဘာလဲ၊ ကောင်မလေးက ထန်းပင်ပေါ်မှာနေလို့လား"

ပေါ်ဦးက အသားလွတ်ဝင်ကြောင်သည်။ သို့သော် ကျွန်တော် လိုက်မရယ်ဖြစ်။ ကျော်ညွန့်၏ စကားများသည် ရင်တွင်းမှ တော်တော်နှင့်ပျောက်မသွား။

"မနောက်ပါနဲ့ ပေါ်ဦး၊ ငါတကယ်ပြောတာ။ အထူးသဖြင့် ဒီစကားက ထွန်းဝေအတွက်ပြောနေတာ။ တစ်နေ့နေ့ကျရင် ဒီကိစ္စဟာ တစ်ကြောင်းမဟုတ် တစ်ကြောင်းနဲ့ ဝင်ပတ်သက်လာမှာ အမှန်ပဲ"

ကျော်ညွန့်၏ တည်ငြိမ်သောမျက်နှာကို စေ့စေ့ပြန်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။ ပေါ်ဦးကတော့ မျက်နှာပိုးမသတ်။ ခေါင်းတခါခါလုပ်၍ ဝင်ပြောပြန်သည်။

"ငါတော့ မဆိုင်ဘူးထင်တယ်။ မမီတဲ့ပန်းဆိုတာ လောကမှာမရှိဘူး။ တံချူနဲ့ချူရင် အလွယ်လေးပါ။ ဟုတ်တယ်မဟုတ်လား ထွန်းဝေ။ ဟိုနေ့က ငါ အဲဒါကြောင့် မင်းကို အဲဒီသီချင်းဆိုခိုင်းတာ"

ပေါ်ဦးက ရွတ်နောက်နောက် ဝင်ပြောနေတာလား မဝေခွဲနိုင်။ သို့သော် ရင်ထဲကတော့ အားတက်စိတ်ကလေး ပေါ်လာ၏။

"ခင်လေးအခြေအနေက အတော်မြင့်လို့လား"

ကျွန်တော့်အမေးကို ကျော်ညွန့်က တစ်လုံးချင်း ဖြေသည်။

"ကောင်မလေးအဖေက ကော်ပိုရေးရှင်းတစ်ခုမှာ ဦးစီးအရာရှိကြီး၊ သူ့အမေက မိဘလက်ထက်ကတည်းက သိန်း လေး၊ ငါးဆယ် ချမ်းသာလာခဲ့သူ။ သူက တစ်ဦးတည်းသောသမီး၊ နေတာက ဝင်ဒါမီယာထဲမှာ"




သူ့စကား နောက်ဆက်တွဲများကို ကျွန်တော် မကြားတော့။ ကျွန်တော့် မျက်လုံးထဲတွင် ငမိုးရိပ်ချောင်းဘေး ရွာလေးတစ်ရွာမှ ပျဉ်ကာ ဓနိမိုး၊ သုံးပင်နှစ်ခန်း အမေ့အိမ်ကလေး။

စောစောက အမှတ်မထင်ပေါ်လာသော အားတက်စိတ်ကလေးသည် လွင့်သွားသော ဆေးလိပ်မီးခိုးများထဲတွင် လွင့်ပါသွားတော့၏။

*သိပ်ချစ်တာပဲ*

အသည်းထဲမှာ၊ ပန်းဝတ်လွှာလို
သိုကာထားမယ်၊ ပျားလည်းမချဉ်း
လေညင်းမကြူ၊ ကိုယ်ပဲမြူမယ်
အူတိုတယ်ပဲ ပြောချင်ပြော။

ကိုယ့်စားပွဲတွင် ကိုယ်ထိုင်၍ စိတ်ကူးရသမျှ ကဗျာစလေးရေးနေစဉ် နောက်ဘက်မှ ဂေါ်ဂေါ်ဂီဂီ အသံကြားရ၏။

လှည့်ကြည့်လိုက်သောအခါ အကော်ဒီယံ ထုတ်၍ လက်စမ်းနေသော ပေါ်ဦး။

"ဟေ့ကောင် ... သူများတွေ အိပ်ချိန်ရောက်နေပြီကွ"

အချိန်က ကိုးနာရီ ကျော်နေပြီဖြစ်သဖြင့် ပေါ်ဦးကို ဟန့်လိုက်သည်။ ပေါ်ဦးက ပြုံးစိစိလုပ်ရင်း –

"အေးပါ၊ ငါ ဒီမှာတီးဖို့မဟုတ်ပါဘူး။ လာ မင်းပါလိုက်ခဲ့"

"ဟေ့ကောင်...ဒီအချိန်ကြီးမှ ဘာပေါက်မလို့လဲ"

အထာမသိသော ကျွန်တော်က ယောင်ကန်းကန်းနှင့် မေးလိုက်မိသည်။

"အဆောင်မှာ သွားတီးမလို့"

တည့်တည့်ပြောမှ ကျွန်တော် ရိပ်မိတော့သည်။ သူပြောလိုက်လျှင် ပြောလိုက်ချင်း ကျွန်တော် ထလိုက်ချင်စိတ် ပေါက်သွားသည်။ သို့သော် ချက်ချင်း ပြန်၍ စိတ်ဓာတ်ကျသွား၏။ ကျွန်တော် ဆိုပြချင်သောသူသည် တက္ကသိုလ် ဘယ်အဆောင်မှာမှ မရှိပါလား။

ရှိတဲ့နေရာကျတော့ ... ။

"လာပါကွာ လိုက်ခဲ့စမ်းပါ၊ အပျော်ပေါ့"

ပေါ်ဦးက သူ့အကော်ဒီယံကြီးကို မလေးသကဲ့သို့ တလွယ်လွယ်လုပ်နေပြီး ကျွန်တော့်ကို အတင်းလက်ကုတ်ခေါ်၏။ ကျွန်တော် ထရပ်လိုက်သည်။ သူပြောသလို အပျော်ပဲပေါ့လေ။

"ဒီလိုမှပေါ့ကွ၊ အခန်းသော့ခတ်ခဲ့"

နှစ်ယောက်သား ယုဒသန်လမ်းမပေါ် ရောက်သောအခါ လမင်းသည် ထိန်ထိန်သာနေ၏။ သစ်ရွက်များကြားမှ တိုးဝှေ့ဆင်းလာသော လရောင်သည် ယုဒသန်လမ်းမပေါ်တွင် ဟိုတစ်ကွက် သည်တစ်ကွက်။

ရှေ့တည့်တည့် လှမ်းကြည့်လိုက်သောအခါ လရောင်အောက်တွင် ထီးထီးမားမားကြီးရပ်နေသော ယုဒသန်မျှော်စင်ကြီးကို ဘွားခနဲတွေ့ရသည်။

ဆောင်းဦးဘက်လုလာပြီဖြစ်သဖြင့် အောက်တိုဘာနှင်းငွေ့များကို လရောင်ဆမ်းလျက် တွေ့နေရသည်။ ရင်ထဲတွင် အလွမ်းရသလေးတစ်ခုက တရိပ်ရိပ်ပျံ့လာသည်။

"သီတင်းကျွတ်တော့မယ်ကွ"

ပေါ်ဦး၏စကားကြောင့် ပြည့်လုလု လမင်းကို မော်ကြည့်သည်။ ခါတိုင်းဆိုလျှင် သည်လို လသာညမျိုး၌ ငမိုးရိပ်ချောင်းကမ်းပါးတွင် သွားသွားထိုင်နေကျ မဟုတ်ပါလား။

သို့သော် ဒီတစ်ခါတော့ ငမိုးရိပ်သည် ဘယ်ချောင်သို့ တိမ်းရှောင်သွားပြီ မဆိုနိုင်။ မြူနှင့် နှင်းမှုန်ကြားတွင် မျက်နှာလေးတစ်ခုကိုသာ မြင်နေ၏။

ယုဒသန်ခန်းမဘေးမှ ဝါးရုံများတွင် ပါးချိုင့်လေးနှင့် ကောင်မလေးတစ်ယောက်ကို မြင်နေရ၏။ ဂျပ်ဆင်မျှော်စင်ထိပ်ဖျားမှာတော့ ဆင်စွယ်နှစ်ရောင် ပါးမို့မို့နှင့် ခင်လေး၊ သီရိဆောင်မှ ရေတမာပင်ရွက်များပေါ်တွင်တော့ ခင်လေးဟု သွယ်သွယ်လျလျ လက်ရေးဖြင့် ထိုးထားသော ထိုးမြဲလက်မှတ်လေး တစ်ခု။

စိတ်နှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်သည် လရောင်ထဲတွင် မျောပါသွားပြီထင်၏။

"ကဲ ... ဆိုကွာ"

သီရိဆောင် အဝင်တံခါး အုတ်ခုံ၌ထိုင်မိလျှင် ပေါ်ဦးက ခပ်တိုးတိုးပြောသည်။ ရင်ထဲတွင် သီချင်းလေးတစ်ပုဒ် အလိုလို ရိုက်ခတ်လာသဖြင့် –

"သုံးရာသီ တီးကွာ ပေါ်ဦး"

ပေါ်ဦးက ခေါင်းညိတ်၍ ပြုံးပြသည်။ ပေါ်ဦး၏ အကော်ဒီယံအသံနှင့်အတူ ကျွန်တော့်စိတ်သည် သာခုကန်ရေပြင်ပေါ်တွင် ပြေးလွှားနေသည်ထင်ရ၏။

"မောင် ... မေ့နိုင်ဘူးကွယ့် ခင့်ကို... လတွေ နှစ်တွေ ပြောင်းလေပို...အချစ်ဦးလေးကို...လွမ်းနေတဲ့ရက်ကို မျှော်ရောင်ကာစာဆို...နေ့စဉ်ပဲ တမ်းတပို"

အဆောင်တွင်း အခန်းအချို့မှ မီးများ လင်းလာသည်ကို တွေ့ရ၏။ ခင်လေးများ အိပ်နေပြီလား။ စိတ်ထဲတွင် တမ်းတစွာ တွေးလိုက်မိသည်။

"နွေဦးကဆို ... သွင်းလေရူးရမ်းပို ... ဟိုညောင်ပင်ညိုညို ငှက်ရွှေဥဩက ခွဲ့သလို ...ချစ်သူဝေးလို့ ... အလွမ်းတွေပို"

အဆောင်စကြ်ံ သံဆန်ခါဆီသို့ လူရိပ်အချို့ ရောက်လာသည်ကို တွေ့ရ၏။ ကျွန်တော့်မျက်လုံးများသည် ခပ်လှမ်းလှမ်း ယုဒသန်ခန်းမကြီးဆီ ပြန်ရောက်သွားသည်။ သီချင်း၏ ဒုတိယပိုဒ်ကိုဆိုစဉ် ကျွန်တော့်စိတ်များ ကိုယ်ထဲတွင်မရှိ။

ကျွန်တော် ဒီလိုခံစားရခြင်းများအား ခင်လေးကို ဘယ်လိုအသိပေးရမည်လဲ။ စိတ်ထဲတွင် တွေးမိသည်။ အကယ်၍ ခင်လေးသည် မေ့မေ့ပျောက်ပျောက် နေတတ်သောလူမျိုး မဖြစ်အံ့။ သူလည်း ကံ့ကော်ရွက်လေးတစ်ရွက်ကို သတိရချင် ရနေပေလိမ့်မည်။

လွင့်ပါးနေသောစိတ်သည် ယုဒသန်မြက်ခင်းကိုဖြတ်၍ ကျွန်တော့်ထံ တစ်ဖန် ပြန်လာ၏။

"မြူမှုန်မှုန် ... ချိန်ခါဆို ... မြောက်ပြန်လေညင်း ငွေနှင်းဖွေးဖွေးစို ... တစ်ကိုယ်ရေတည်းနော် ... ငြီးငွေ့သလိုလို... ထင်ယောင်ထင်ငယ်ပို"

သည်မှတစ်ဆင့် သီချင်းအဆုံးပိုဒ်ရောက်သည့်အခါ ထွက်သက်ကို မှုန်း၍ ထုတ်မိသည်။ ရင်ထဲမောနေ၏။

"တကယ်ကွာ ငါတောင် ဆွေးသွားတယ်။ သီရိသူတွေတော့ ခိုက်နေကြပြီ။ ဟိုမှာတွေ့လား၊ ပြူတစ်ပြူတစ်နဲ့"

လွမ်းလာသော အလွမ်းသည် သူ့ ပြူတစ်ပြူတစ်ရောက်မှ ပျက်သွား၏။

"ဒီမှာသူငယ် ... ခဏ"

တိတ်နေသောပတ်ဝန်းကျင်မှ ရုတ်တရက်ပေါ်လာသောအသံကြောင့် ဆတ်ခနဲတုန်သွား၏။

အလန့်တကြား ကြည့်လိုက်သောအခါ သီရိဆောင် အဝင်တံခါးသံတိုင်ကြားမှ အသက်ကြီးကြီး လူတစ်ဦးကို မြင်ရ၏။

"ခင်ဗျာ"

ဘာမှန်းမသိသဖြင့် ပြန်ထူးရင်း ထူးမေးမေးလိုက်သည်။ ထိုလူကြီးက လက်ကို ဆန့်တန်းပေးရင်း –

"မောင်ရင့်ဆီ အဆောင်ပေါ်က စာပေးလိုက်လို့"

ရော် ... သည်အချိန်မှာ ဘယ်ကဘယ်လိုလူက စာပေးလိုက်ပါလိမ့်ဟု တွေးမိသည်။ ပေါ်ဦးကတော့ သဘောပေါက်ဟန်တူသည်။

"ရီကွက်စ်လုပ်တာနဲ့တူတယ် ထွန်းဝေ၊ ယူလိုက်လေ"

ကျွန်တော် ကပျာကယာထ၍ ထိုလူကြီးထံမှ စာရွက်ခေါက်ကို လှမ်းယူလိုက်သည်။ ထိုလူကြီးက တစ်ဆက်တည်း အထုပ်တစ်ထုပ်ကိုပါ လှမ်းပေးရင်း –

"ဒါပါပေးလိုက်တယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ထိုလူကြီး ပြန်လှည့်သွားချိန်တွင် ကျွန်တော် စာကိုဖွင့်၍ လရောင်နှင့် ဖတ်လိုက်၏။

အတွက် ...

သီချင်း သိပ်ကောင်းတယ်။

ဆွေးသွားတာပဲ ... ။

ကဲ ... လက်ဖက်သုပ်လည်းစားပါ။

ပြီးတော့ သီချင်းကောင်းကောင်းလေးတွေ ဆိုပါဦး၊ ခံစားမှုလေးတွေပေါ့။

သီရိက တောင်းဆိုချင်တာကတော့ ...

"ပျိုသီရိမေ" ဆိုစေချင်ပါတယ်။

**ခင်သော သီရိမေများ**

"ကဲ ... ပျိုသီရိမေတဲ့၊ ရလား ပေါ်ဦး"

သီချင်းက ကိုဝေဇင်၏ ရှားရှားပါးပါး ခေတ်ဟောင်းနာမည်ကြီးသီချင်းမို့ ပေါ်ဦးရ၊ မရ မသေချာသဖြင့် မေးလိုက်သည်။

"ရတာပေါ့ဟ၊ ငါ့ဖေးဗရိတ်ပဲ"

"ဒါဖြင့် တီး"

အလွမ်းမဟုတ်သော်လည်း အလှဘွဲ့ဖြစ်သဖြင့် ဆို၍အားရပါသည်။ အလှဘွဲ့မှန်သမျှသည် ခင်လေးအတွက် သက်သက်ရည်စူးထားသကဲ့သို့ပင် ဖြစ်နေသည် မဟုတ်ပါလား။

ဆက်လက်ဖော်ပြပါမည်။

"နှစ်ယောက်သား ယုဒသန်လမ်းမပေါ် ရောက်သောအခါ
လမင်းသည် ထိန်ထိန်သာနေ၏။
သစ်ရွက်များကြားမှ တိုးဝှေ့ဆင်းလာသော လရောင်သည်
ယုဒသန်လမ်းမပေါ်တွင် ဟိုတစ်ကွက် သည်တစ်ကွက်။
ရှေ့တည့်တည့်လှမ်းကြည့်လိုက်သောအခါ လရောင်အောက်တွင်
ထီးထီးမားမားကြီးရပ်နေသော ယုဒသန်မျှော်စင်ကြီးကို ဘွားခနဲတွေ့ရသည်။
ဆောင်းဦးဘက်လုလာပြီဖြစ်သဖြင့် အောက်တိုဘာနှင်းငွေ့များကို
လရောင်ဆမ်းလျက် တွေ့နေရသည်။
ရင်ထဲတွင် အလွမ်းရသလေးတစ်ခုက တရိပ်ရိပ်ပျံ့လာသည်။
"သီတင်းကျွတ်တော့မယ်ကွ"
ပေါ်ဦး၏စကားကြောင့် ပြည့်လုလုလမင်းကိုမော်ကြည့်သည်။
ခါတိုင်းဆိုလျှင် သည်လိုလသာညမျိုး၌ ငမိုးရိပ်ချောင်းကမ်းပါးတွင် . . ."

စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၅-၄-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၆၉၄။ | ဘွားဘွား ဒေါ်လှဝင်းကြည် မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၈၆၉၅။ | ဒုတိယဗိုလ်မှူးကြီးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်၊ (သား)မောင်အောင်ကောင်းသစ်၊ (သမီး)မသဲရွှေရည်၊ မသဲဖြူစင်လင်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၆၉၆။ | ကွယ်လွန်သူ ဗိုလ်မှူးဟိန်းဆက်အားရည်စူး၍ ကျန်ရစ်သူ အစ်ကို/အစ်မ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၆၉၇။ | ကွယ်လွန်သူ ဦးညွန့်ဟန်နှင့်ဇနီး ဒေါ်ထားကြည်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၈၆၉၈။ | ဒေါက်တာဇော်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၆၉၉။ | ဦးမင်းသန့်လွင်၊ ဦးသန်းလွင်နှင့်ဇနီး ဒေါ်ဆွေလေးညွန့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၇၀၀။ | ဦးသိန်းမောင်နှင့်ဇနီး ဒေါ်ညွန့်၊ (သမီး)ဒေါ်ခင်ချိုဦး၊ (မြေး)ကိုတင်အောင်ထွန်း၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၃၃၅၀၀၀ |
| ၈၇၀၁။ | ဦးဇော်လွင်ဦးနှင့်ဇနီး ဒေါ်မူမူလှိုင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၇၀၂။ | ဆရာရန်မျိုးအောင်အားအမှူးထား၍ ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်အေးကြွယ်၊ (သမီး)မချစ်မီးလေး၊ (မြေး)မောင်စိုင်းလျှန်းခေတ်သစ်ဦး၊ မောင်စိုင်းရန်သစ်ဦး၊ မောင်စိုင်းအောင်မြင့်ဦး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၇၀၃။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၇၀၄။ | ကွယ်လွန်သူ ဦးစိုင်းကြည်စိုးဦး၊ ဦးအိုက်သားစိုင်းကြည်စိုးမိုး၊ ဦးအိုင်းနီတို့အားရည်စူး၍ ဦးစိုင်းစိုးညွန့်နှင့်ဇနီး ဒေါ်နန်းဥမ္မာအုန်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၇၀၅။ | ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ခင်သန်းနွယ် မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၇၀၆။ | ဒေါ်မြင့်မြင့်သော်နှင့် ဒေါ်ခင်ညိုဝင်း ညီအစ်မများကောင်းမှု | ၁၃၀၀၀၀ |
| ၈၇၀၇။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဗိုလ်ကြီးချစ်ဟန်(ငြိမ်း) နှင့်ဇနီး ဒေါ်မြဆွေတို့အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၁၁၅၀၀၀ |
| ၈၇၀၈။ | ဒေါ်ကျင်ကျင်ဝိုင်း မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၇၀၉။ | ဒေါ်ခင်ရီ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၇၁၀။ | ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီမင်းသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၇၁၁။ | ကွယ်လွန်သူ ဒုတိယအရာခံဗိုလ်ချစ်ညွန့်အားရည်စူး၍ ဒေါ်ယဉ်ယဉ်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၂။ | ဒေါ်ခင်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၃။ | ကွယ်လွန်သူ ဦးဉာဏ်ရွှင်အားရည်စူး၍ ဒေါ်ညိုနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၄။ | ဦးအောင်ကျော်စိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၅။ | ဒေါ်ညို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၆။ | ဒေါ်ခင်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၇။ | ဦးကျော်နိုင်လွင်နှင့်ဇနီး ဒေါ်ခင်မိမိလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၈။ | ဦးသန်းဇော်ဟိန်းနှင့်ဇနီး ဒေါ်ထားထားဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၁၉။ | ဦးသက်နိုင်ဦးနှင့်ဇနီး ဒေါ်ဝါဝါခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၀။ | ကွယ်လွန်သူ ဖခင် ဦးတင်ညွန့်နှင့်ဇနီး မိခင် ဒေါ်ညွန့်ရွှေ တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးအောင်ကျော်မိုး နှင့်ဇနီး ဒေါ်ပပလှိုင်၊(သား)မောင်ရွှေသော်သော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၂။ | ဦးမြတ်သိန်းနှင့်ဇနီး ဒေါ်စိန်နူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၃။ | ဒေါ်စန်းစန်းနွဲ့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၄။ | ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ချိုချိုဝင်း၊ (သား)ကိုကျော်စွာစိုးနှင့် မဝင့်ဇာခြည်ဌေး၊ (သမီး) ကိုထူးမြတ်နိုင်နှင့် မဝင်းရွှေရည်ဖူးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၅။ | ဦးအောင်သိုက်ထွန်းနှင့်ဇနီး ဒေါ်အေးအေးသွယ် မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၆။ | ဦးအေးသွင်နှင့် ဒေါ်ခင်ထွေးရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၇၂၇။ | ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)နှင့်ဇနီးဒေါ်ခင်ခင်လှ၊ ဦးဝင်းဇော်အေးနှင့်ဇနီး ဒေါ်ဝင်းဝင်းဆွေ၊ (သမီး)ဒေါက်တာပြည့်ဖြိုးဆွေ၊ မနွယ်နီဆွေ၊ (မြေး) မောင်ကောင်းဝင်းသန့်၊ မောင်ဉာဏ်ဝင်းသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၂၈။ | ဒေါ်ရီရီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၂၉။ | ဦးတင်လှိုင်နှင့်ဇနီး ဒေါ်သန်းအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၀။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူသင်း၊ (သား)မောင်အောင်ကောင်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၁။ | ဦးကျော်ဝင်းထွန်းနှင့်ဇနီး ဒေါ်စန်းစန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၂။ | ဦးဖိုးစံနှင့်ဇနီး ဒေါ်အေးသိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၃။ | ဒေါ်မေသီစံနှင့် ဒေါ်သန်းသန်းဌေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၄။ | ဦးသိန်းနှင့်ဇနီး ဒေါ်မြသန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၅။ | ဦးလှိုင်နှင့်ဇနီး ဒေါ်ဆင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၆။ | ကွယ်လွန်သူ ဦးဇော်မျိုးလွင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၇။ | ကွယ်လွန်သူ ဖခင် ဦးခင်မောင်လှနှင့် ဒေါ်ထားထားလွင်၊ မောင်ခင်မောင်လွင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၈။ | ကွယ်လွန်သူနှစ်ဖက်ဘိုးဘွားများနှင့် ဖခင်ကြီး ဦးအေးလွင် တို့အားရည်စူး၍ ဇနီး ဒေါ်မြကြည်၊ ညီအစ်မ ဒေါ်ဝင်းရီ၊ သား၊သမီး၊ မြေးများကောင်းမှု | ၅၀၀၀၀ |
| ၈၇၃၉။ | ဒေါ်မြသန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၄၀။ | ကိုဇော်ဇော်အောင်နှင့်ဇနီး ဒေါ်နန်းလုံခမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၄၁။ | ဦးဟံသိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၄၂။ | ဦးတင်ဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၄၃။ | ဒေါ်သန်းသန်းဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၇၄၄။ | ဦးခင်မောင်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၇၄၂၇၊ ၇၄၂၉)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်ချောစု (ဘ) ဦးကြည်မန်း[၉/ မရမ(နိုင်)၀၉၂၈၆၁] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်ချောစု (ဘ) ဦးကြည်မန်း[၉/ မရမ(နိုင်)၀၉၂၈၆၁]မှ နှစ်(၃၀) မြေငှားစာချုပ်မူရင်းတင်ပြ၍ မြေကွက်(၂)ကွက်ပူးတွဲပြီး မြေငှားစာချုပ်ထုတ်ပေးထားရှိရာမှ မြေကွက်(၁)ကွက်ချင်းစီ မြေငှားစာချုပ်များ ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်များ ခွဲစိတ်ခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးမာ [၁၂/လမန(နိုင်)၀၀၇၃၆၉] နိုင်ငံကူးလက်မှတ် MG-332951 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-779597430**

### ပျောက်ဆုံးကြောင်း

ဦးစိုးလွင် ပိုင် "သုဓမ္မာ-၃/ ၁၃၁၇၉" ရေယာဉ်၏လုပ်ငန်းလိုင်စင်စာအုပ် အပိုင်း(၁+၂) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-449144594**

### ပျောက်ဆုံးကြောင်း

ဦးမူးနီးယန်းဒီး ပိုင် "နေလဝင်း"/၁၁၉၄၇ ရေယာဉ်၏ လုပ်ငန်း လိုင်စင်စာအုပ် အပိုင်း(၁+၂)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-449144594**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 28(T)DPTSC(PSD)/24–25 | National Control Center(Naypyitaw), Regional Control Center (Yangon) နှင့် Regional Control Center(Mandalay) တို့တွင် တပ်ဆင် အသုံးပြုလျက်ရှိသော SACDA–EMS စနစ်သုံး Hardware နှင့် Software များ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် Remote Maintenance Services လုပ်ငန်း ဆောင်ရွက်ရန်။ |
| ခ | 29(T)DPTSC(Civil)/24–25 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ စုစုပေါင်း (၂၉၆.၄၂)တန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉–၅–၂၀၂၄)ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈/ဝါဆို၊ မြေကွက်အမှတ်–(၄၅၁) ဧရိယာ(၀. ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်စန်းစန်းမြင့်[၁၂/ဒပန(နိုင်)၀၀၁၆၇၇]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းမြင့်[၁၂/ဒပန(နိုင်)၀၀၁၆၇၇] ကိုယ်တိုင်မှ အဆိုပါ မိမိတရားဝင်အမည်ပေါက် ပိုင်ဆိုင်လာသောမြေကွက်နှင့် ပတ်သက်သည့် နှစ်(၆၀)ဂရန်မူရင်းမှာ မိမိသိမ်းဆည်းထားရာမှ အထားအသို မှားယွင်း ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်တို့မျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ မြေခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် အမှုတွဲအမှတ်–ဒပ/ဂရမိတ္တူ–၂၀၂၂၀၁၉၄၁၀/၂၀၂၂(၄–၈–၂၀၂၂)ဖြင့် ဒေါ်စန်းစန်းမြင့်မှ ဂရန်မိတ္တူလျှောက်ထားခြင်းတို့ ခွင့်ပြုပြီးဖြစ်သဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ်–ဒပ/၈/၀၂၄၅ (၂၃–၉–၉၃)ဖြင့်မူလ ထုတ်ပေးထားသည့် ဒေါ်စန်းစန်းမြင့်[၁၂/ဒပန(နိုင်)၀၀၁၆၇၇] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးစက်ရုံ(အင်းစိန်၊ အင်ရောင်း)တို့အတွက်
## ဆေးဝါးကုန်ကြမ်း၊ တိရစ္ဆာန်အစားအစာနှင့်
## ထုပ်ပိုးပစ္စည်း (၈၅)မျိုး အဝယ်တင်ဒါ

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့အတွက် ဆေးဝါးကုန်ကြမ်း၊ တိရစ္ဆာန်အစားအစာနှင့် ထုပ်ပိုးပစ္စည်း(၈၅)မျိုးအား တင်ဒါခေါ်ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။
၂။ နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။ နိုင်ငံတော်မှသတ်မှတ်ထားသည့် အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။
၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ– ၂၉ – ၄ – ၂၀၂၄ စတင်ရောင်းချမည့်ရက်
၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၁၄ – ၅ – ၂၀၂၄၊ (၁၆ : ၀၀)နာရီ
၅။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ – ဆေးဝါးစက်ရုံ (အင်းစိန်၊ အင်ရောင်း)
၆။ တင်ဒါပေးသွင်းရမည့်နေရာ – ဥက္ကဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၇။ တင်ဒါပုံစံ၊ တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အရည်အသွေးသတ်မှတ်ချက်များနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်–

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | **၀၆၇၃–၄၀၈၃၈၈** |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်** | **၀၆၇၃–၄၀၈၃၅၄** |

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမ၊ မြေကွက်အမှတ်–၁၀/၈၆၅၊ အကျယ်ပေ(၄၀'x၆၀') အားအမည်ပေါက် ဒေါ်အေးသန်း(CK–၀၂၃၄၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းကြည်(ခ)ချာတွန်ကီ(G/RGN–၀၂၇၂၃၉)[၁၂/လသန(နိုင်)၀၀၇၂၉၁] မှ(၁၈–၆–၉၇)ရက်နေ့ကတည်းက ဝယ်ယူပိုင်ဆိုင်၍ယခုလက်ရှိအချိန်ထိ ဦးထွန်းကြည်၌ စာရွက်စာတမ်း(မူရင်း)နှင့် အဆက်အစပ်စာချုပ်များ လက်ဝယ်ရှိပြီး အဆိုပါမြေကွက်သည် ဦးထွန်းကြည်၏ စီမံခန့်ခွဲပိုင်ခွင့် လက်ဝယ်တွင်ရှိကြောင်းနှင့် အဆိုပါမြေကွက်အား အခြားသူများမှ ကျူးကျော်ဝင်ရောက်ခြင်း၊ နေထိုင်ခြင်း၊ ပိုင်ရေးဆိုင်ခွင့်ထိပါးခြင်းများ မပြုလုပ်ကြရန်နှင့်ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း–၀၉–၄၂၁၀၀၉၄၆၃**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ မြေကွက်အမှတ်(၁၃၇၃/ခ)၊ ဧရိယာ (၂၀'x၆၀')ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်သည် ဦးအုန်းကျော် [၁၂/ဥကမ(နိုင်)၁၃၁၉၄၂]အမည်ဖြင့် မှတ်သားထားရှိသောပါမစ်မြေ အမျိုးအစားဖြစ်ပြီး အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထား၍ ဒေါ်အေးအေးသက်[၁၂/ဒဂတ(နိုင်) ၀၈၈၂၂၅]ထံမှ မြေကွက်အကျယ်(၂၀' x ၆၀')နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်တော် ဦးရဲနန္ဒ[၁၂/တမန(နိုင်)၀၉၈၈၀၇]သည် အပြီးအပြတ် ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးရဲနန္ဒထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးရဲနန္ဒ**
**Ph:09–782837467**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၇–ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် (၆)၊ မြေညီထပ်၊ (မြေညီဟောင်ကောင်ဝမ်းဆက်)၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းပိုင်ရှင်များဖြစ်သည့် ဦးမောင်မောင်မိုး [၁၂/ပဇတ(နိုင်)၀၁၆၈၃၃]နှင့် ဒေါ်နှင်းယုမော် [၁၂/တမန(နိုင်) ၁၀၄၇၉၃] တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)** |
| **(စဉ်–၈၇၆၂)** | **(စဉ်–၁၃၄၈၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ အခန်း (၉) ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၅၄၉၉၉၂၅၊ ၀၉–၇၇၇၅၀၅၇၃၇**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိအစိုးရ နည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၃-၄-၂၀၂၄)ရက်နေ့မှစ၍ (၆-၅-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) တို့တွင် ဝယ်ယူနိုင်ပြီး (၂၉-၄-၂၀၂၄)ရက်နေ့မှ (၇-၅-၂၀၂၄)ရက်နေ့ထိ ညနေ(၄:၀၀)နာရီနောက်ဆုံးထား၍အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာ သင်တန်းပေး ဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇၃၄၀၄၅၀၅/ ၀၆၇၃၄၀၄၃၈၉/ ၀၆၇၃၄၀၄၄၅၆(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉-၈၈၇၆၄၅၅၈၀ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)နှင့် ၀၉-၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်၅၊ နည်းဥပဒေ ၂၀ )
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၉၅

| | | |
|---|---|---|
| ကမ္ဘောဇရတနာဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) (ဘဏ်ကိုယ်စား - ဒေါ်သန်းသန်းနု၊ အထွေထွေမန်နေဂျာ) | နှင့် | ၁။ MYANMA MYITTAR SHIN CO.,LTD (မြန်မာ့မေတ္တာရှင်ကုမ္ပဏီလီမိတက်)<br>၂။ ဦးစိုးမိုးအောင် (မန်နေဂျင်းဒါရိုက်တာ)<br>၃။ ဒေါ်နန်းပန်းဖြူ<br>၄။ ဒေါ်ခင်ချို<br>၅။ ဦးရဲလင်းအောင်<br>၆။ ဒေါ်မီမီ (ခ) ဒေါ်စမ်းကြည်သာထွေး<br>၇။ ဒေါ်ဝင်းမြတ်နိုး<br>၈။ ဦးညွန့်ထွန်း<br>၉။ ဒေါ်နှင်းဇော်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ပဒေသာပင်မြို့တော်၊ စကားဝါ (၃) လမ်း၊ အမှတ် (E/၃၃) ရှိ (၁) တရားပြိုင် MYANMA MYITTAR SHIN CO.,LTD (မြန်မာ့မေတ္တာရှင်ကုမ္ပဏီလီမိတက်)၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၈) လမ်း၊ အမှတ်(၁၄၉) နေ (၂)တရားပြိုင် ဦးစိုးမိုးအောင် (မန်နေဂျင်းဒါရိုက်တာ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၁၅/E) နေ (၃)တရားပြိုင် ဒေါ်နန်းပန်းဖြူ၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ တတန်ကူးကျေးရွာနေ (၄)တရားပြိုင် ဒေါ်ခင်ချိုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ (၂)၊ ခေမာသီလမ်း၊ တိုက်အမှတ် (၉/အခန်း-၃) နေ (၅) တရားပြိုင် ဦးရဲလင်းအောင် (ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို က တရားပြိုင်များထံမှ တရားလိုဘဏ်ရရန်ရှိသော ၃၀-၁၁-၂၀၂၃ ရက်နေ့အထိ ကုန်သွယ်မှုချေးငွေ (Trade Finance) အမေရိကန်ဒေါ်လာ (USD 2388957.26) နှင့်ညီမျှသော မြန်မာငွေ (၇၀၅၇၀၀၃၉၈၅ ကျပ် ၅၆ ပြား)နှင့် Bank Guarantee ချေးငွေ (၁၆၇၁၅၆၉၇၇၉၈ ကျပ် ၉၇ ပြား)၊ ဘဏ်ချေးငွေ အရင်းအတိုးစုစုပေါင်း (၂၃၇၇၂၇၀၁၇၈၄ ကျပ် ၅၃ ပြားတိတိ)အတွက် အပေါင်ဒီကရီရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်၊ မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလို သည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက်လိုအပ်သော ဆေးရုံသုံးနှင့် ရုံးသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်-5DMS (2024-2025)(L)ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | (၂၉-၄-၂၀၂၄)ရက် တနင်္လာနေ့ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၁၃-၅-၂၀၂၄)ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

---

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Dip ELTM သင်တန်းဖွင့်လှစ်မည့်
## အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in English Language Teaching Methodology (Dip ELTM) (အင်္ဂလိပ်စာသင်ကြားရေး နည်းပညာဒီပလိုမာ) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| သင်တန်းအမည် | - | Diploma in English Language Teaching Methodology (Dip ELTM) အင်္ဂလိပ်စာသင်ကြားရေးနည်းပညာ ဒီပလိုမာ |
| ပညာအရည်အချင်း | - | အသိအမှတ်ပြုထားသည့်တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ |
| အသက် | - | (၆၀)နှစ်အောက် |
| သင်ကြားမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | - | တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ |
| သင်တန်းကာလ | - | (၁၀)လ |
| သင်တန်းကြေး | - | တစ်လ (၄၀၀၀၀ိ/-)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - | Diploma in English Language Teaching Methodology (Dip ELTM) |
| လျှောက်လွှာလက်ခံမည့်ရက် | - | ၂၆-၄-၂၀၂၄ မှ ၉-၅-၂၀၂၄အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - | ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | - | ၁၆-၅-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီမှ(၁၂:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | - | ၂၃-၅-၂၀၂၄ရက် (ကြာသပတေးနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - | ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | - | ၆-၆-၂၀၂၄ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | - | သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |
| စုံစမ်းရန် | - | သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တောင်ပိုင်းရပ်ကွက်၊ ဘောဂ(၁)လမ်း၊အမှတ်(၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို နည်းလမ်းတကျအဆက်အစပ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ချုပ်ဆို၍ ဝယ်ယူလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လီလီ (W/RGN - ၀၁၄၁၅၈) (၁၂/မဂဒ(နိုင်) ၀၂၆၃၄၁)မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူအား အပြီးအပိုင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ချုပ်ဆို လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူသည့်အတွက် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ဥပဒေအရပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံတင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါကအထက်ပါ အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)**
**ဒေါ်ယုယုခမော် (စဉ်-၁၀၃၈၀/၂၀၀၅) ဒေါ်ယဉ်ယဉ်အေး (စဉ်-၁၀၃၈၂/၂၀၀၅)**
**တရားလွှတ်တော်ရှေ့နေများ**
ရုံး -အခန်း(၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉ ၇၉၈၄၅၈၄၀၀

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | Lot No. | သတ္တုအမျိုးအစား | အလေးချိန် (မက်/တန်) | Ex Work | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|---|---|
| ၁ | Lot-1 | ခဲမဖြူသတ္တုသန့်စင် | ၄.၂၅၁၀ | ထားဝယ် | ၉-၅-၂၀၂၄ (၁၂:၀၀)နာရီ |
| ၂ | Lot-2 | ခဲမဖြူသတ္တုသန့်စင် | ၁၆.၂၀၄၀ | မြိတ် | |
| ၃ | Lot-3 | ခဲမဖြူ အဖြိုက်နက်ရောရာသတ္တုသန့်စင် | ၂၁.၄၇၇၀ | ထားဝယ် | |
| ၄ | Lot-4 | ခဲမဖြူသတ္တု(အဆင့်နိမ့်) | ၁.၄၄၄၀ | ထားဝယ် | |
| ၅ | Lot-5 | အဖြိုက်နက်သတ္တု(အဆင့်နိမ့်) | ၁.၂၃၇၀ | ထားဝယ် | |
| ၆ | Lot-6 | ခဲမဖြူ အဖြိုက်နက်ရောရာ(အဆင့်နိမ့်) | ၁၁.၂၉၉၀ | ထားဝယ် | |
| ၇ | Lot-7 | ခဲမဖြူသတ္တုသန့်စင် | ၉.၅၀၀၀ | မြိတ် | |
| ၈ | Lot-8 | ခဲမဖြူသတ္တုသန့်စင် | ၄.၇၃၇၀ | မြိတ် | |
| ၉ | Lot-9 | ခဲမဖြူသတ္တု(အဆင့်နိမ့်) | ၂.၁၀၁၅ | ပျဉ်းမနား | |
| ၁၀ | Lot-10 | ခဲမဖြူသတ္တု(အဆင့်နိမ့်) | ၅.၀၈၅၀ | ပျဉ်းမနား | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

---

## "ကန့်ကွက်နိုင်ပါသည်"

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးနွယ်[၈/ပခက(နိုင်)၁၆၂၅၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၈၂)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၃ ၁/၂ )ထပ်တိုက်၏ (ပထမထပ်)၊ (၃)လွှာ၊ ခြေရင်းခန်း၊ (B-2)၊ လမ်းမတိုက်အား မျက်နှာမူကြည့်လျှင် - ဘယ်ဘက်ခြမ်းခန်း၊ အကျယ်အဝန်း(အလျား ၁၂ ပေxအနံ ၅၀ ပေ)အကျယ်အဝန်းရှိရေမီးစုံတိုက်ခန်း (၁) ခန်းအား ပိုင်ဆိုင်အကျိုးခံစားလျက်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဆွေ[၈/ထလန(နိုင်)၀၀၀၅၂၃]ထံသို့ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးနွယ်က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B, B.D.S, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** | **LL.B** |
| **(စဉ် - ၁၄၄၇၉/၂၀၁၈ )** | **(စဉ် - ၈၅၆၄/၂၀၁၂ )** | **(စဉ် - ၅၃၅၆၆/၂၀၂၀ )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၀၅၃၄၆၈, ၀၉-၇၇၅၀၅၃၄၆၈, ၀၉-၅၁၈၁၂၁၀, ၀၉-၇၈၅၁၈၁၂၁၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်(၇၆၉)၊ အခန်း(၁၁) ပထမထပ်၏ အမည်ပေါက် ဒေါ်စောဥမ္မာချို[၁၂/ကမရ(နိုင်)၀၀၅၇၀၆] ထံမှ စာချုပ် စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်ဇာအောင်[၇/အဖန(နိုင်)၀၈၄၈၁၇] က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါ သည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

---

## တိ(FB Account)၊ OO Pyay(FB Account)တို့နှင့် အများသိစေရန်ကြေညာခြင်း

တိ(FB Account) မှ OO Pyay(FB Account)Tag တွဲ၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ Alice(FB Account)ဒေါ်ဟန်နီထွန်း၏ Profile ပုံနှင့် Massenger တွင်လူမှုရေးအရ ရေးသားချက်များကို ဒေါ်ဟန်နီထွန်း၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ FB လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဒေါ်ဟန်နီထွန်းအား စိတ်ငြိုငြင်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် Post တင်ကာ ရေးသားထားသည်များကို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းရေးသားချက်များအား ပြန်လည်ဖြုတ်သိမ်းပေးရန်နှင့် ဒေါ်ဟန်နီထွန်းအား လူသိရှင်ကြားတရားဝင်ပြန်လည်တောင်းပန်ရန် သိစေအပ်ပါသည်။ ကြေညာချက်အတိုင်း မဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိ(FB Account)၊ OO Pyay(FB Account)တို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟန်နီထွန်း၏ ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမင်း(LL.B)DL-101(WIPO)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၈၉၂)၊(၂၄-၈-၂၀၀၇)**
**တိုက်(၉/၁၁)၊ ပထမထပ်(ဘယ်)၊ အခန်း(၁၀၁/c)၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၉၀၅၉၃၀၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၂၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှကြည်[၁၂/မရက(နိုင်)၀၄၈၅၀၃] ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်သင်းဆုလှိုင်[၁၂/မရက(နိုင်)၁၇၈၂၅၇]က ၎င်းအမည် ဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါ သည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ဒေါ်သိမ့်ရွှေစင်နွေးနှင့်အများသိစေရန် ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်-၂၁၊ ရွှေဝတ်မှုံ(၁)လမ်း၊ (၁၃)ရပ်ကွက်နေထိုင်သူ ဦးရန်နိုင်ထွန်း [၁၂/တမန (နိုင်)၁၁၂၄၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဦးရန်နိုင်ထွန်း၏ဇနီး ဒေါ်သိမ့်ရွှေစင်နွေးသည် (၂၅-၃-၂၀၂၄)ရက်နေ့တွင် ၎င်းသဘောဆန္ဒအရ နေအိမ်မှဆင်းသွားခဲ့ပြီး ယခုအချိန်အထိဆက်သွယ်၍မရပါ။ ၎င်းမှလည်းကျွန်ုပ်မိတ်ဆွေနေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရန်နိုင်ထွန်း အနေဖြင့် ဒေါ်သိမ့်ရွှေစင်နွေးနှင့်ပတ်သက်သည့်ငွေကြေးကိစ္စများ၊ လူမှုရေးပြဿနာများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဦးရန်နိုင်ထွန်း၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီတရားစွဲဆိုမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးရန်နိုင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မင်းနိုင်(LL.B)** | **ဒေါ်အိန္ဒြာကြည်တင်(LL.B)(D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၇)** |
| **ဖုန်း-၀၉-၇၉၉၃၇၇၆၉၁** | **ဖုန်း-၀၉-၄၃၁၁၂၁၀၁** |

**အမှတ်(၃၀)၊ ၃လွှာ(ဘီ)၊ ပုသိမ်ညွှန့် ၆လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်[(၆/က(၂-၂အေ)(၁က-၁)]၊ ရွှေဟသာ်လမ်း၊ အိမ်အမှတ်(၆၂-ဘီ)ဟုခေါ်တွင်သော မြေအမျိုးအစား-မြေပိုင်မြေ (လ/န ၃၉ ရပြီး)အကျယ်အဝန်းဧရိယာ(၀.၀၆၃၈ဧက)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာလွင် [၁၂/ဗဟန(နိုင်) ၀၇၂၀၄၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ မြေကွက်အမှတ်-၁၃၈၃(က)၊ သတိပဋ္ဌာန်လမ်း၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်း(ပါမစ်မြေအမျိုးအစား)တွင် ဦးတင်လှိုင်[၁၂/ဗဟန(နိုင်) ၀၀၉၅၇၉] အမည်ဖြင့်မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်ကိုအရပ်ရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဦးစန်းနိုင် [၁၂/လကန(နိုင်)၀၇၀၃၃၁]မှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ကို စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်ထက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသူဇော်**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၃၀)**
**အမှတ်-၂၉၊ တတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၁၂၆၉၆၆၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စ၊ မြေကွက်အမှတ်-၂၃၂(ခ)၊ (၁၂၀၀) စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၂၃၂/ခ)၊ ဝဇီရာ (၁) လမ်း၊ (စ) ရပ်ကွက်၊ ဦးကျော်မြင့် [၁၂/ဥကမ(နိုင်)၀၆၈၉၄၁] အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား မြေအမည်ပေါက်ဦးကျော်မြင့်(ဖခင်) သည် (၂၈-၅-၂၀၁၀)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ညွန့်ရီ (မိခင်)သည် (၁၄-၆-၂၀၂၀) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်အေးအေးကြူ [၁၂/ဥကမ(နိုင်) ၁၀၆၈၈၄] မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြား အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၈/၃၂၈/၂၀၂၃/၂၂-၈-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Thermoplastic(ဖြူ/ဝါ) | ၆၀၀ တန် |
| ( ခ ) | Glass Beads/Concrete Primer | ၆၀ တန်/ ၁၀၀ ပုံး |
| ( ဂ ) | ရေဆိုးစက်ရုံနှင့်သန့်ရှင်းမှုဆိုင်ရာ သုံးပစ္စည်း | 1 Lot |
| (ဃ) | ဓာတ်အားခွဲရုံသုံးပစ္စည်း/ ဓာတ်အားလိုင်းသုံးပစ္စည်း | ၂/၆ မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၄-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၉-၅-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၆၀၀)၊ ပါမစ်မြေအမျိုးအစား၊(၄၀'x၆၀')အကျယ်ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးထွန်းကိုကိုလတ် [၈/ရနခ(နိုင်)၀၆၉၈၇၄]က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရတနာလင်း[၆/မအရ(နိုင်)၁၁၂၄၉၇]က ဝယ်ယူရန် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ် စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B (၁၆၇၁၃)** | **ဦးငြိမ်းချမ်းထွေး LL.B (၁၆၇၄၆)** |
| **ဖုန်း-၀၉-၄၃၀၆၄၂၈၁** | **ဖုန်း-၀၉-၂၆၀၀၂၉၂၇၂** |
| **( တရားလွှတ်တော်ရှေ့နေ )** | **( တရားလွှတ်တော်ရှေ့နေ )** |

**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဂုံညင်းတန်းကျေးရွာအုပ်စု၊ ခြေဆေးအိုင်ကျေးရွာနေ အဖဦးချစ်တင်၏ သမီး ကျွန်မ မသန္တာထွန်း [၈/တတက(နိုင်)၂၀၆၀၀၈]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MD-863588)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၈၅၄၀၁၉၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သီလလမ်း၊ မြေကွက်အမှတ်(၂၅၉)၊ မြေအကျယ်အဝန်း-အလျားx အနံ(၄၅ပေx၆၀ပေ)ရှိ ဒေါ်မြ(AC-၀၀၄၇၄၃)၊ ဦးညွန့်ဦး(KPU-၀၂၄၉၈၃)၊ ဒေါ်စိန်စိန်(AG-၀၈၃၉၃၁)အမည်ပေါက်အကျယ်အဝန်း-အလျားxအနံ(၄၅ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဦးညွန့်ဦး [၁၂/ဥကတ(နိုင်)၀၃၈၈၆၃]ပိုင်ဆိုင်သည့် အစုအကျယ်အဝန်း အလျားxအနံ (၁၅ ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားအမည်ပေါက် ဦးညွန့်ဦး[၁၂/ဥကတ(နိုင်)၀၃၈၈၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စိုး[၁၂/ဥကတ(နိုင်)၀၅၆၅၈၁]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သူဇာငြိမ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်(အထက်)လမ်း၊ အမှတ်(၈၇)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)၊ တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (ကန်ထရိုက်တာ)ဦးမြင့်ဆွေ [၁၂/ဗတထ(နိုင်)၀၀၃၄၄၁]၊ ဒေါ်ဝေဝေသန်း[၁၂/ဗတထ(နိုင်)၀၀၃၄၀၉] (မဂ္ဂင်ဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးအောင်ကိုကိုမျိုး [၁၂/တမန(နိုင်)၁၀၈၉၇၇]၊ ဒေါ်အိဖြူ [၁၂/စခန(နိုင်)၀၆၄၂၂၂]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**ဖုန်း - ၀၉-၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၂)လမ်း အရှေ့၊ အမှတ်( ၄၉၆/က)နှင့် (၄၉၆/ခ+ဂ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆/အနောက်)၊ မြေကွက်အမှတ်(၄၉၆/က)နှင့် မြေကွက်အမှတ်( ၄၉၆/ ခ+ဂ )၊ အကျယ်အဝန်း ( ပေ ၂၀ x ပေ ၆၀ )အသီးသီးရှိ ဦးလပြည့်ဝန်း[၁၂/ဗဟန(နိုင်)၀၈၁၄၈၈] နှင့် ဒေါ်ထွေး[၁၂/သကတ(နိုင်)၀၃၈၅၉၄] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်(၂)ကွက် အပါအဝင် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အဆောက်အဦတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် အဆောက်အဦတို့၏အကျိုးခံစားခွင့်တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်စာအမှတ်-၉၈၀၆/၂၀၂၁ နှင့် ၉၈၀၇/၂၀၂၁ တို့အရ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးအေး [၁၂/ဥကတ(နိုင်)၀၀၁၂၁၂၀]ထံမှ အပြီးအပိုင်လက်ရောက် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင် အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B, D.I.L** | **ဒေါ်တင်တင်ခိုင် LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြကန်သာ(၃)လမ်း၊ မြေကွက်အမှတ် (၉၄၅/က)၊မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဘိုကျင်[၉/ညဥန(နိုင်)၂၀၁၇၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ဆုအောင် [၁၂/လမန(နိုင်)၁၄၄၉၉၄] သည် (၂၄-၄-၂၀၂၄) ရက်နေ့တွင်"နှစ်ဦးသဘောတူမြေကွက် နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉ - ၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၃၂/၅၄၂)၊ (ဒီ/၇)၊ (၇-လွှာ)၊ အကျယ်အဝန်း (၁၃ ပေ x ၇၅ပေ)ခန့်ရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်၍ လက်ဝယ်ထားရှိ အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဆူလေမန်(ခ)အဲဟ်မရ် [၁၂/ပဘတ(နိုင်)၀၃၁၃၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်း နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၃၈၉၇၄**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ(၈)လမ်း၊ အမှတ်(၅၉၆/က)၊ မြေတိုင်းအမှတ်(င)၊ ဦးသန်းလွင်(AD-၀၆၃၄၂၅) အမည်ပေါက် အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ် RC နေအိမ်အဆောက်အဦ အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိ၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ (၁)ဦးသန်းဦး[၁၂/ဥကမ(နိုင်)၀၈၀၇၁၀] (၂)ဒေါ်ခင်ခင်ထွေး[၁၂/ဥကမ(နိုင်)၀၅၆၃၆၂] တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်းအမှတ် (၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မြေကွက်အမှတ်(၁၄၉၉/က)၊ အောင်ဇမ္ဗူလမ်းဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၀)ပေx (၆၀)ပေရှိ ဒေါ်မာရီမားအမည်ပေါက် မြေချပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးကျော်ခိုင်မင်း [၁၂/ရကန(နိုင်)၀၀၆၉၆၇]၊ ဒေါ်အေးခိုင်မွန် [၁၂/ရကန(နိုင်)၀၆၅၄၂၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါပြီး(၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၆)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၁၁၅၇၆၊ ၀၉-၉၇၆၇၅၆၀၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/သဘော်ကျင်း၊ မြေကွက်အမှတ်-ခ/၇၃၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ရှိ နှစ် (၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၇၃) ဟုခေါ်တွင်သော မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း [၁၂/ဒပန(နိုင်) ၀၂၂၈၄၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)။**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈

| | | |
|---|---|---|
| ၁။ ဒေါ်အေးအေးမူ | နှင့် | ဒေါ်မိမိခင် |
| ၂။ ဒေါ်နွယ်နွယ်ကျော် | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်-၈၅၄ နေ ဒေါ်မိမိခင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"**လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလကွယ်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရက ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားဖြင့်ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်...**

❖ **ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရုပ်သေးရုပ် ထုလုပ်ခြင်းအတတ်ပညာကို လူငယ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းရန်လိုအပ်

ရန်ကုန် မေ ၂၅

တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ရုပ်သေးရုပ် ထုလုပ်ခြင်းအတတ်ပညာရပ်ကို လူငယ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းရန်လိုအပ်နေကြောင်း သိရသည်။

"ရုပ်သေးမှာ အမျိုးမျိုးရှိနေတာအလှပေါ့။ အလှကတော့လွယ်တယ်ဗျ။ အရုပ်မှာ ကလို့မရခြင်း၊ ရခြင်းပေါ့။ အဲဒါကတော့ဆိုင်တယ်။ ပုံမှန်အားဖြင့် ရုပ်သေးကိုကြိုးတွေနဲ့ လှနေအောင်အရုပ်သမားတိုင်း လုပ်နိုင်တယ်။ ဒါပေမဲ့ တကယ်ကလို့ရတဲ့ရုပ်သေး ပန်းပုကတော့ ရုပ်သေးပန်းပုသမားပဲလုပ်နိုင်တယ်။ အဲဒီလိုလူမျိုးတွေရှားတယ်။ ကျွန်တော် သိသလောက်တော့ မန္တလေးမှာ တစ်ယောက်စ နှစ်ယောက်စပဲရှိတယ်။ အရေးကြီးတယ်။ ဒီပညာကို လူငယ်တွေကို လက်ဆင့်ကမ်းဖို့လိုတယ်။ လူငယ်မျိုးဆက်သစ်ပြတ်နေတယ်။ အဲဒီအပိုင်းကို ထိန်းပေးနိုင်ဖို့လိုအပ်နေတယ်" ဟု စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂



## MNL Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း ငါးပွဲဆက်အနိုင်ရပြီး မဟာယူနိုက်တက် နိုင်ပွဲပြန်ရ

ရန်ကုန် မေ ၂၅

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စုဒုတိယအကျော့ အုပ်စုပွဲစဉ် (၆) ကို မေ ၂၅ ရက်က ပြန်လည်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း ငါးပွဲဆက်အနိုင်ရပြီး မဟာယူနိုက်တက်အသင်း နိုင်ပွဲပြန်ရခဲ့သည်။

**ဆက်လက် ဖိအားပေးလျက်ရှိ**

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် တက္ကသိုလ်အသင်းကို နှစ်ကျော့စလုံး အနိုင်ရပြီး နိုင်ပွဲပြန်ရခဲ့သလို ထိပ်ဆုံးမှ ရန်ကုန်အသင်းကိုလည်း သုံးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။

နှစ်သင်းစလုံး အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သော်လည်း နိုင်ငံခြားသားကစားသမားနှင့် စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ■

## ဖီအိုရင်တီးနားအသင်းကို အနိုင်ရပြီး အတ္တလန္တာအသင်း ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲတက်လှမ်း

အတ္တလန္တာအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ မေ ၂၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှာ အတ္တလန္တာအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အတ္တလန္တာအသင်း နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းခဲ့ပါတယ်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖



ဖီအိုရင်တီးနားအသင်းနှင့်အတ္တလန္တာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၅

| | |
|---|---|
| ချောက် | ၄၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ


**အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီ** စာမျက်နှာ » ၁၁

**ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၅

**ဂါဇာကမ်းမြောင်ဒေသ၌ သန့်ရှင်းရေးအခြေအနေ ဆိုးရွားမှုကြောင့် ရောဂါဆိုးများ ဖြစ်ပွားလာနိုင်** စာမျက်နှာ » ၁၃

**အောင်လံမြို့ စစ်ဆေးရေးဂိတ်တွင် လမ်းသွားလမ်းလာကားများကို တားဆီးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသား ၃၀ ကျော်ဖမ်းဆီးခံထားရကြောင်း ကောလာဟလ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၄